စာရှုဆိုင်

"အနောက်တိုင်းမဟာဂမ္ဘီရပညာရဲ့
အခြေခံအကျဆုံးသောလက်ဦးပညာသင်လက်စွဲ"

# ဆော်လမွန် မော်ဝင်ကျမ်း



ရေမံ
ဘာသာပြန်ဆိုသည်

Aleister Crowley's edition of

THE LESSER KEY OF SOLOMON

# GOETIA

Lemegeton Clavicula Salomonis

myyoe.com



SAMPLE BOOK





ဗြိတိန်သမိုင်းတလျှောက်

ကြောက်ရွံ့ဖွယ်အကောင်းဆုံးပုဂ္ဂိုလ်အဖြစ်သတ်မှတ်ခံရတဲ့

မဟာဂန္ဓာရီမဟာဂမ္ဘီရမှော်ပညာရှင်

ကဝေကြီး **အလိုင်စတာ ခရောင်လီ**

ပြင်ဆင်ပြုစုတည်းဖြတ်ထားတဲ့ **ဆော်လမွန်မှော်ဝင်ကျမ်း** က

အနောက်တိုင်း မဟာဂမ္ဘီရပညာအဝန်းအဝိုင်းအလာမှာ နတ်ကြီးပြီး

အလွန်နက်နဲခက်ခဲတဲ့ ပင်ရင်းကျမ်းတဆူအဖြစ် ထင်ရှားပါတယ်။

ယခုစာအုပ်မှာ နောက်ဆက်တွဲအဖြစ် ထည့်သွင်းထားတဲ့

**နိယာမကျမ်း** ဆိုတာကလည်း ဂမ္ဘီရမှော်ပညာရဲ့

အခြေခံလက်ဦးပညာသင်ကျမ်းအဖြစ်

လမ်းစဉ်လိုက်စားသူတိုင်း မဖြစ်မနေ

အထူးလေ့လာရတဲ့ သိသူဖော်

မသိသူကျော် အာဒိမူလကျမ်းတကျမ်း

ဖြစ်ပါတယ်။

ဆော်လမွန်မှော်ဝင်ကျမ်း

9 782028 001306

mgyoe.com

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၃၀)

## ပုံနှိပ်မှတ်တမ်း




# ဆော်လမွန်မှော်ဝင်ကျမ်း

ရေမံ

ထုတ်ဝေသည့်အကြိမ် ◆ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ
စာအုပ်ဒီဇိုင်း ◆ မောရိသျှ အလင်း
ထုတ်ဝေသည့်အုပ်ရေ ◆ ၁၀၀၀
စာအုပ်တန်ဖိုး ◆ ၁၁၀၀၀ ကျပ်
ထုတ်ဝေသူ ◆ ဦးပြည့်အာကာ (၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း၊
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ◆ ဒေါ်မျိုးမျိုးသန့် (မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်။

ဖြန့်ချိရေး ◆ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်
ပန်းဆိုးတန်းလမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနှင့်အနော်ရထာလမ်းကြား
ကျောက်တံတားမြို့နယ်၊ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

ရေမံ
ဆော်လမွန်မှော်ဝင်ကျမ်း / ရေမံ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၃၉၀၊ ၁၃.၉၇ စင်တီ x ၂၀.၃၂ စင်တီ
(၁၃၀) ဆော်လမွန်မှော်ဝင်ကျမ်း

mgyoe.com

mgyoe.com SAMPLE BOOK

# အထူးမှတ်ချက်

ဤစာအုပ်သည် အနောက်တိုင်း မဟာဂန္ဓာရီ မဟာဂမ္ဘီရပညာရပ်ဆိုင်ရာ ဂန္ထဝင်ရှေးဟောင်းကျမ်းတခု ဖြစ်ပါသည်။ Lemegeton Clavicula Salomonis (လေမေဂေတွန် ခလာဗိကုလာ ဆလိုမိုနစ်) သို့မဟုတ် Lemegeton (လေမေဂေတွန်) ဟုခေါ်ပြီး – အမည်မသိရသည့် အလယ်ခေတ် ဂမ္ဘီရသုတေသီတဦးဦးက ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။

၁၅၇၀ ခုနှစ်တွင် ပုံနှိပ်ဖြန့်ချိခဲ့သော ဂမ္ဘီရဆိုင်ရာကျမ်းဂန်များတွင် ရည်ညွှန်းကျမ်းရင်းအဖြစ် ထည့်သွင်းဖော်ပြခဲ့ရာက လူသိများခဲ့ပြီး ကျမ်းစာစောင်ငါးတွဲ ကွဲနေခဲ့သည့် အခြေအနေမှ ကျမ်းရင်းတဆူအဖြစ် ပြောင်းလဲတိုးတက်ခဲ့ခြင်းဖြစ်ပါသည်။

မူကွဲများစွာ ရှိနေပြီး မူရင်းအစစ်ကို တိတိပပ ဖော်ထုတ်ခြင်းငှာ မည်သည့် ပညာရှင်ကမှ မတတ်နိုင်တော့ပါ။ ယခုဘာသာပြန်မူသည် ဗြိတိန်လူမျိုး ကဝေကြီး အလိုင်စတာ ခရောင်လီ တည်းဖြတ်ထားသည့်မူအား မြန်မာဘာသာသို့ အလွယ်ကူအရိုးရှင်းဆုံးဖြစ်အောင် ပြန်ဆိုထားသည့်မူဖြစ်ပါသည်။

ဂမ္ဘီရ ဂန္ဓာရီ ကျမ်းဂန်များ ဖြစ်သည့်အတွက် မည်သည့်ကျမ်းသည် မှန်၏ မည်သည့်ကျမ်းကား မှား၏ဟူ၍ တသီးတသန့် တိတိပပ ဆို၍မရနိုင်ပါ။ ထို့ကြောင့် ယခုဘာသာပြန်မူအတွင်း ပါရှိသည့် အကြောင်းအရာများသည် ပြည့်စုံသည်လည်း ဖြစ်နိုင်သကဲ့သို့ လိုအပ်ချက်များ ရှိကောင်းရှိနေနိုင်ပါသည်။ သို့သော် အခြေခံအကြောင်းအရာများအားလုံး ပြည့်စုံသလောက်ရှိအောင် အထူးဂရုစိုက်၍ ဘာသာပြန်ဆိုထားပါသည်။

နိယမကျမ်းဟု အမည်ပေး ဘာသာပြန်ဆိုထားသော The Book of the Law သည် တဲလီမာ (Thelema) ဘာသာရေးလှုပ်ရှားမှုအသစ်၏ အခြေခံယုံကြည်ချက်များဆိုင်ရာ အကြောင်းအရာများကို ရှေးဦးဖော်ပြရာ ကျမ်းဖြစ်ပြီး၊ စိတ်ဝင်စားဖွယ်ရာ အလေ့အထများနှင့် ခေတ်ပြိုင်လူသားမျိုးနွယ်ဆိုင်ရာ ဓလေ့ထုံးစံအသစ်တို့ကို ဗဟုသုတတိုးပွားစေခြင်းငှာ မျှဝေလိုသော ဆန္ဒရင်းဖြင့် ဘာသာပြန်ထည့်သွင်းထားခြင်းဖြစ်ပါသည်။

အခြားမည်သည့် ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ကိုယ်ရေးကိုယ်တာ

mgyoe.com

mgyoe.com SAMPLE BOOK
ခံယူချက်၊ ရပ်တည်ချက်၊ ရည်ရွယ်ချက်များကို ထိပါးနှောက်ယှက်လို၍ တမင် ရည်ရွယ်ပြီး ဘာသာပြန်ရေးသားပြုစုခြင်း လုံးဝ (လုံးဝ) မဟုတ်ပါ။

ဤဘာသာပြန်စာအုပ်သည် အနောက်တိုင်း မဟာဂန္ဓာရီ မဟာဂမ္ဘီရ ပညာရပ်ဆိုင်ရာ ဂန္ထဝင်ရှေးဟောင်းကျမ်းများ ဖြစ်သောကြောင့် စာအုပ်အတွင်း ပါရှိသော အကြောင်းအရာများသည် မရည်ရွယ် မဆိုလိုပါဘဲ အခြားသော ဒေသန္တရ ယုံကြည်မှုများ ကိုးကွယ်မှုများ ဓလေ့ထုံးတမ်းများ ဘာသာစကား များ အလေ့အထများ ခံယူချက်များ ကွဲပြားချက်များ ရပ်တည်ချက်များနှင့် ရည်ရွယ်ချက်များကို တိုက်တိုက်ဆိုင်ဆိုင် ထိပါးခြင်း စော်ကားခြင်း ပြက်ရယ်ပြု ခြင်း မလေးစားခြင်း မရိုသေခြင်း အလေးမထားခြင်းနှင့် ဆန့်ကျင်ခြင်းများ ဖြစ်လာခဲ့သည်ရှိသော် ပုဂ္ဂိုလ်ရေးအားဖြင့်သော်လည်းကောင်း လူမျိုးရေးအား ဖြင့်သော်လည်းကောင်း နိုင်ငံရေးအားဖြင့်သော်လည်းကောင်း ဘာသာရေးအား ဖြင့်သော်လည်းကောင်း လွဲမှားစွာ ခံယူမှုများ မရှိစေရေး ကြိုတင်မေတ္တာရပ်ခံ လျက် အထူးအသိပေးအပ်ပါသည်။

စာအုပ်ပါအကြောင်းအရာများကို အပြုသဘောဆောင်သည့် ရှုမြင် လက်ခံမှုရှိသော သုတေသီများအနေအားဖြင့် ဗဟုသုတတိုးပွားရေး လေ့လာဖွယ် သုတကျမ်းအဖြစ်သာ သဘောထားကြီးစွာ နှလုံးသွင်းကြပါစေကြောင်း ကြိုတင် မေတ္တာရပ်ခံလျက် အထူးအသိပေးအပ်ပါသည်။

ဘာသာရေး နိုင်ငံရေး လူမျိုးရေးနှင့် ကိုယ်ပိုင်ခံယူချက်များကို မရည်ရွယ်ပါဘဲ ထိပါးခြင်း နှောက်ယှက်ခြင်း စိတ်ပျက်စေခြင်းနှင့် စိတ်ကွက် မှုဖြစ်ရခြင်းတို့ ကြုံတွေ့လာရပါက အကြောင်းတိုက်ဆိုင်သွားခြင်းသာဖြစ်ပြီး သဘောထားကြီးစွာထား၍ နားလည်သိတတ်ပေးနိုင်ကြပါစေကြောင်း ကြိုတင် မေတ္တာရပ်ခံလျက် အထူး အသိပေးအပ်ပါသည်။

အစဉ်လေးစားလျက်

**ရေမံ**

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK



အလိုင်စတာ ခရောင်လီ

ဗြိတိန်လူမျိုး လောကီပညာရှင်




mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မကောင်းဆိုးရွားကြီး

**အလိုင်စတာ ခရောင်လီ**

ဗြိတိန်လူမျိုး လောကီပညာရှင်

**မွေးဇာတာအမည်အပြည့်အစုံ**

အက်ဒွပ် အလက်ဇန်းဒါး ခရောင်လီ

(Edward Alexander Crowley)

**မွေးနှစ်**

အောက်တိုဘာ ၁၂ ရက် ၁၈၇၅ ခုနှစ်၊

ရွိုင်ရယ်လင်းမင်တန်စပါးမြို့၊ ဝါးဝစ်ခရိုင်၊ အင်္ဂလန်

**သေနှစ်**

ဒီဇင်ဘာ ၁ ရက် ၁၉၄၇ ခုနှစ်၊

ဟေးစ်တင်းမြို့ (အသက် ၇၂ နှစ်)

**အထင်ကရရှိသော လက်ရာများ**

"နိယာမကျမ်း" (The Book of The Law)

"တို့ထ်ပညာပြကျမ်း" (The Book of Thoth)

"ဆေးစွဲမကောင်းဆိုးရွားရဲ့ နေ့စဉ်မှတ်တမ်း" (The Diary of a Drug Fiend)

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ကိုယ်ရေးအကျဉ်း

မွေးနာမည်ရင်း အက်ဒွပ် အလက်ဇန်းဒါး ခရောင်လီ (ခ) အလိုင်စတာ ခရောင်လီလို့ လူသိများတဲ့ အင်္ဂလိပ်လူမျိုး လောကီပညာရှင်ကြီးက သူ့ကိုယ်သူ မဟာဂမ္ဘီရပညာရှင် ကဝေကြီးအဖြစ်လည်း အမည်ခံသလို၊ ကဗျာဆရာလည်း ဖြစ်ပြီး ဝတ္ထုရေးဆရာလည်းဖြစ်ပါတယ်၊ ပန်းချီဝါသနာရှင်ဖြစ်တဲ့အပြင် တောင်တက်ဝါသနာကြီးသူလည်း ဖြစ်ပါတယ်။

တဲလီမာ (Thelema) လို့ခေါ်တဲ့ မဟာဂန္ဓာရီအမျိုးအစား ဘာသာတရားအသစ်တခု တည်ထောင်ခဲ့သူဖြစ်ပြီး၊ ၂၀ ရာစုအတွက် အီဂျစ်နတ်ဘုရား ဟိုရ (Horus) ရဲ့ ရွေးကောက်ခြင်းခံရသူ တမန်တော်ဖြစ်တယ်လို့လည်း လူသိရှင်ကြားကြွေးကြော်ခဲ့သူပါ။ စာအုပ်စာပေလက်ရာများစွာ ရေးသားပြုစုခဲ့ပြီး အထင်ကရအဖြစ်ဆုံးကတော့ တဲလီမာဘာသာရေးအတွက် အခရာအကျဆုံးသော "နိယမ" (The Book of the Law) ကျမ်းဖြစ်ပါတယ်။

ဝါးဝစ်နယ်၊ ရှိုင်ရယ်လင်းမင်တန်စပါးမြို့က လူကုံထံမိသားစုမှ မွေးဖွားလာခဲ့ပြီး၊ မိဘများရဲ့ မိရိုးဖလာယုံကြည်မှုဖြစ်တဲ့ ရှေးရိုးမူလခရစ်ယာန်ဂိုဏ်း (Fundamentalist Christian) ပလိုင်းမောက်ညီနောင်များ (Plymouth Brethren) ကို ဆန့်ကျင်ပြီး အနောက်တိုင်းမဟာဂန္ဓာရီ (Western esotericism) ယုံကြည်မှုတွေဘက်ကို ပြောင်းလဲ ခံယူကျင့်သုံးခဲ့ပါတယ်။

ကမ်းဘရစ်တက္ကသိုလ်ဝင် (University of Cambridge) ထရီနတီ "သုံးပါးတဆူ" ကောလိပ် (Trinity College) မှာ ပညာသင်ယူခဲ့ပြီး၊ တောင်တက်ဝါသနာနဲ့ ကဗျာရေး ဝါသနာတွေ ရခဲ့တယ်လို့ အချို့သော အတ္ထုပ္ပတ္တိကျမ်းတွေအရ သိရပါတယ်။ အချို့သော သုတေသီများရဲ့ အဆိုအရ အဆိုပါကောလိပ်မှာ ပညာသင်ယူနေစဉ်အတွင်းမှာပဲ ဗြိတိန်စုံစမ်းထောက်လှမ်းရေးက ခရောင်လီကို သူလျှိုလုပ်ဖို့အတွက် လာရောက်စည်းရုံးခဲ့သေးတယ်လို့လည်း ဆိုပါတယ်။ (သူ့တသက်လုံး စပိုင်လုပ်သွားတယ်လို့တောင် အချို့သော သမိုင်းပညာရှင်တွေက ကောက်ချက်ချထားပါသေးတယ်။)

mgyoe.com

mgyoe.com SAMPLE BOOK

၁၈၉၈ ခုနှစ်မှာ အနောက်တိုင်း ဂန္ဓာရီ ဂိုဏ်းချုပ်ကြီးတခုဖြစ်တဲ့ အာရုံဦးဂိုဏ်း (Hermetic Order of the Golden Dawn) ဝင်ခဲ့ပြီး၊ နာမည်ကျော် လောကီပညာရှင်ကြီးတွေဖြစ်တဲ့ ဆမြူရယ် လဒ္ဒယ်လ် မက်ဂရေဂေါ် မက်သားစ် (Samuel Liddell MacGregor Mathers) ၊ အလန် ဘန်းနက် (Allan Bennett) တို့နဲ့အတူ မှော်အစီအရင်များစွာ ပြုလုပ်ခဲ့ပါသေးတယ်။ နာမည်ကျော် တောင်တက်သမားကြီးဖြစ်တဲ့ အော်စကာ အက္ကန်စတိုင်း (Oscar Eckenstein) နဲ့အတူ မက်စီကိုမှာ တောင်တက်ခဲ့သေးသလို၊ ဣန္ဒိယမှာ ဟိန္ဒူဘာသာနဲ့ ဗုဒ္ဓဝါဒတွေကိုလည်း လေ့လာခဲ့ဖူးသူပါ။

၁၉၀၄ ခုနှစ်မှာ ရိုဆေး အီဒစ် ကယ်လီနဲ့ လက်ထပ်ထိမ်းမြားခဲ့ပြီး အီဂျစ်နိုင်ငံ ကိုင်ရိုကို ပျားရည်ဆမ်းခရီးထွက်ခဲ့ရာက သူ့ရဲ့ နာမည်ကျော်လက်ရာဖြစ်တဲ့ "နိယမကျမ်း" (The Book of the Law) ကို ရွေးကောက်ခံတမန်တော် အိုင်းဝက်စ် (Aiwass) ရဲ့ ရုပ်ပါရုံထင်ရှားစေမှုနဲ့အတူ ရေးသားပြုစုခဲ့ပြီး တဲလီမာဘာသာရဲ့ အခြေခံအုတ်မြစ်ကို စတင်ခဲ့ပါတယ်။

နိယမကျမ်းအရ အီဂျစ်နတ်ဘုရား ဟိုရက ခရောင်လီကို တမန်တော်အဖြစ် ရွေးကောက်ခဲ့ပြီး၊ လွတ်လပ်မှုရှိတဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အလိုဆန္ဒနဲ့ စစ်မှန်တဲ့ လောကသစ္စာတရားကို ရှာဖွေရမှာဖြစ်ကြောင်း မှော်ပညာလမ်းစဉ်က နေတဆင့် မျှဝေတဲ့ ယုံကြည်မှုမျိုးတွေကို ချမှတ်ထားပါတယ်။

၁၉၀၅ ခုနှစ် ခန်ဂျန်ယွန်ဂါလေ့လာရေးခရီးစဉ်ကြီး (Kanchenjunga expedition) မအောင်မြင်ခဲ့သည့်နောက် ဣန္ဒိယနဲ့ တရုတ်ပြည်အနှံ့ လည်ပတ်သွားလာခဲ့ပြီး ဗြိတိန်ကို ပြန်ရောက်ဖြစ်သွားခဲ့တဲ့ အချိန်ကစလို့ ခရောင်လီက ကဗျာများစွာနဲ့ ဝတ္ထုတွေကို ပိုရေးဖြစ်ခဲ့ပါတယ်။ အဲဒီလိုနဲ့ပဲ လောကီပညာကျမ်းစာတွေကို ပြုစုတဲ့ အဆင့်ထိ တိုးတက်သွားခဲ့ပါတယ်။

၁၉၀၇ ခုနှစ်မှာ ဗြိတိန်လူမျိုး လောကီပညာရှင်ဖြစ်တဲ့ ဂျော့ဂျ် ဆီဆယ် ဂျုန်းစ် (George Cecil Jones) နဲ့ ပူးတွဲပြီး တဲလီမာဘာသာရေး အခြေခံတဲ့ A∴A∴ အမည်ရ မဟာဂန္ဓာရီအဖွဲ့အစည်းသစ်တခု ထူထောင်ခဲ့ကြပါတယ်။

(စိတ်ဝင်စားစရာအချက်က အဆိုပါ A∴A∴ အဖွဲ့ရဲ့ ယုံကြည်မှုတွေက ထေရဝါဒဗုဒ္ဓဘာသာယုံကြည်မှုနဲ့ ဝေဒကျမ်းလာ ယောဂကျင့်စဉ်တွေ တွဲစပ်ထားတဲ့ မှော်ဆန်ဆန် ကျင့်ကြံအားထုတ်မှုတွေ ဖြစ်ပါတယ်)

အယ်ဂျီးရီးယားနိုင်ငံမှာ အလည်အပတ် ရောက်ဖြစ်ခဲ့တဲ့ ၁၉၁၂ ခုနှစ်

mgyoe.com

mgyoe.com SAMPLE BOOK
မှာတော့ Ordo Templi Orientis (O.T.O) "ပုဇ္ဇာရုံဂိုဏ်း" လို့ခေါ်တဲ့ ဂျာမန်အခြေခံ မဟာဂန္ဓာရီဂိုဏ်းသစ်တခု တည်ထောင်ဖြစ်ခဲ့ပါသေးတယ်။ ဗြိတိန်ဂိုဏ်းခွဲရဲ့ အကြီးအကဲအနေနဲ့ တာဝန်ယူဖြစ်ခဲ့ပြီး၊ တဲလီမာယုံကြည်မှုတွေကို သာသနာပြုခဲ့ပါတယ်။ ပုဇ္ဇာရုံဂိုဏ်းကြီး ရှိခဲ့စဉ် တဲလီမာဘာသာဝင်တွေရဲ့ အင်အား ကောင်းခဲ့တဲ့အလျောက် ဗြိတိန်အပြင်၊ ဩစတေးလျနဲ့ မြောက်အမေရိကအထိ ကျယ်ပြန့်ခဲ့ပါတယ်။

ပထမကမ္ဘာစစ်ကြီးဖြစ်တော့ ခရောင်လီက အမေရိကန်ပြည်ထောင်စုကို ရောက်နေခဲ့ပြီး၊ ပန်းချီလိုင်းဘက် ရောက်သွားခဲ့သလို၊ ဗြိတိန်အနိုင်ရရေးအတွက် လှုပ်ရှားမှုတွေလည်း လုပ်ခဲ့ပါသေးတယ်။ အချို့သော သမိုင်းဆရာတွေရဲ့ အဆိုအရ  အဆိုပါခေတ်က ဂျာမန်အစိုးရတွေဘက်ကို စပိုင်လုပ် လျှို့ဝှက်ထောက်လှမ်းပြီး ဗြိတိန်အနိုင်ရရေးအတွက် အကူအညီပေးခဲ့သေးတယ်လို့ ဆိုပါတယ်။

၁၉၂၀ ခုနှစ်မှာတော့ တဲလေမာကျောင်းတော်ရာဆိုပြီး ဆီဆီလီ (Sicily) ဆီဖာလု (Cefalu) မှာ နောက်လိုက်အချို့နဲ့ ဘာသာရေးအသိုက်အမြုံတခု ထူထောင်ခဲ့ပါသေးတယ်။ လွတ်လပ်စွာ ရပ်တည်မှုအချို့နဲ့ သူ့ရဲ့ လူနေမှုဘဝပုံစံကြောင့် ဗြိတိန်မီဒီယာမှာ အမည်ပျက်သလို ဖြစ်သွားခဲ့တဲ့နောက် အီတလီအစိုးရက ၁၉၂၃ ခုနှစ်မှာ နယ်နှင်ဒဏ်ပေးခဲ့ပါတယ်။ မဆုံးပါးခင် ဆယ်စုနှစ်နှစ်ခုလုံးကို ပြင်သစ်၊ ဂျာမနီနဲ့ အင်္ဂလန် သုံးနိုင်ငံ သွားလိုက်လာလိုက်လုပ်နေခဲ့ပြီး တဲလီမာယုံကြည်မှု ပြန့်ပွားရေးကို သေသည်အထိ အပတ်တကုတ် နောက်မဆုတ်ဘဲ သာသနာပြုခဲ့ပါတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ယုံကြည်မှုနဲ့ အတွေးအခေါ်များ

ခရောင်လီ သာသနာပြုခဲ့တဲ့ တဲလီမာယုံကြည်မှုက အချို့သော ပညာရှင်တွေရဲ့ အယူအဆအရ "ကိုးကွယ် ယုံကြည်မှု ဘာသာရေးစနစ်သစ်" တခု ဖြစ်တယ်လို့ ဆိုနိုင်ပေမယ့်လည်း၊ ဂမ္ဘီရ ဂန္ဓာရီဆန်တဲ့ ကျင့်ကြံအားထုတ်မှု၊ မှော်အစီအရင်နဲ့ လောကီပညာကျင့်သုံးမှုတွေကြောင့် ဘာသာရေးထက် ရိုးရာအစဉ်အလာနဲ့ ပိုတူနေပါတယ်။ ဒါပေမဲ့ ခေတ်သစ်မှာ တခေတ်ဆန်းတဲ့ သက်ဝင်မှုစနစ်ကို ထုတ်ဖော်ခဲ့တာမျိုးလည်း ဖြစ်နေတဲ့အတွက် မှော်ဘာသာတခုအနေနဲ့သာ သမိုင်းပညာရှင်တွေက အလွယ်သတ်မှတ်လိုက်ကြတာဖြစ်ပါတယ်။

ခရောင်လီရဲ့ ကိုယ်ရေးအတ္ထုပ္ပတ်အရ သူ့ဘဝရည်ရွယ်ချက်ပန်းတိုင်က "အရှေ့တိုင်းအသိပညာတွေကို အနောက်တိုင်း ဥရောပအထိ ရောက်အောင် မျှဝေလိုရင်းဖြစ်ပြီး ရှေးခေတ်ဟောင်း ရိုးရာယုံကြည်မှု (Paganism) တွေကို အစင်ကြယ်ဆုံးအသွင်နဲ့ တဖန်ခေတ်ဆန်းစေလိုခြင်းဖြစ်ပါတယ်။"

ခရောင်လီရဲ့ ကိုယ်ပိုင် ယုံကြည်မှုတွေက ယတိပြတ် တခုတည်းရယ်လို့ မရှိပါဘူး၊ အရှေ့တိုင်းက ဘာသာတရားတိုင်းရဲ့ အယူဝါဒတွေကို ဘုံလက်ခံမှုမျိုးနဲ့ ကျင့်သုံးသလို၊ ဟိန္ဒူယောဂကို ထေရဝါဒနဲ့တွဲပြီး ကမ္မဋ္ဌာန်းကျင့်တာမျိုးလည်း လုပ်ပါတယ်၊ ဒါ့အပြင် ခေတ်သိပ္ပံပညာကို အခြေခံတဲ့ သဘာဝယတ္ထဝါဒ (သဘာဝပတ်ဝန်းကျင် မိခင်ကမ္ဘာမြေကို ကိုးကွယ်မှု)တွေကိုလည်း ကျင့်သုံးသလို၊ အနောက်တိုင်း မဟာဂန္ဓာရီအစဉ်အလာတွေနဲ့ ဂမ္ဘီရပညာတွေကို တွင်တွင်ကျင့်ကြံအားထုတ်တတ်ပါသေးတယ်။ မှော်ပညာအပြင်၊ အဂ္ဂရိတ်၊ နက္ခတ္တပညာ၊ ရိုဆီခရူသျံ (Rosicrucianism) ကာဘယ်လာ (Kabbalah) နဲ့ တဲ့ရော့ (Tarot) ပါမကျန်ပါဘူး။

အာရှဦးဂိုဏ်းမှာ လေ့လာခွင့်ရခဲ့တဲ့ ပညာရပ်တွေနဲ့ အကျင့်အကြံတွေကို အခြေခံပြီး အာရှဦးဂိုဏ်းက စွမ်းဆောင်နိုင်တဲ့ သာသနာပြုစနစ်တွေထက် ပိုသာပိုကောင်းတဲ့ နည်းမဟာဗျူဟာတွေနဲ့အတူ တဲလီမာသာသနာပြန့်ပွားရေးကို စွမ်းစွမ်းတမံ ရှက်ဆောင်နိုင်ခဲ့ပါသေးတယ်။

mgyoe.com

တောင်အာရှယုံကြည်မှုတွေဖြစ်တဲ့ ယောဂ၊ တန္တရပညာတွေကို သူ့ရဲ့

mgyoe.com SAMPLE BOOK

တဲလီမာ သာသနာထဲ ထည့်သွင်းခဲ့ပြီး၊ အရှေ့တိုင်းယုံကြည်မှုနဲ့ အနောက်တိုင်း ယုံကြည်မှုကို တွဲဆက်ရေး အထူးကြိုးစားအားထုတ်ခဲ့ပါတယ်။

တဲလီမာတရားတွေအရ ၂၀ ရာစုက အီဂျစ်နတ်ဘုရား ဟိုရ ကြီးစိုးတဲ့ ယုဂ်(နှစ်ကာလများ) ဖြစ်တာကြောင့် လူသားတွေအနေနဲ့ ဟိုရရဲ့ ဗီဇအတိုင်း လူသားဆန်စွာ လွတ်လပ်တဲ့ တွေးခေါ်မြော်မြင်မှုနဲ့ ရှင်သန်သင့်ကြောင်း ဒေသနာတွေကို ဟောကြားခဲ့ပါတယ်။

နတ်ဘုရားမ အိုဆိုင်းရက်စ်ရဲ့ ခေတ်တုန်းက ခရစ်ယာန်၊ အစ္စလာမ်နဲ့ ဗုဒ္ဓဘာသာစတဲ့ ဘာသာကြီးတွေရဲ့ ကြီးစိုးမှု အားကောင်းခဲ့တာ မှန်ပေမဲ့၊ ယုဂ်ပြောင်းပြီဖြစ်တာကြောင့် လူတွေရဲ့ ယုံကြည်မှု လက်ခံမှု သက်ဝင်မှုစနစ်တွေလည်း ပြောင်းလဲမှသာ ကမ္ဘာကြီးအနေနဲ့ တိုးတက်ရာ တိုးတက်ကြောင်းဖြစ်တယ်လို့ သင်ကြားခဲ့သူပါ။

ခရောင်လီရဲ့ ပင်ကိုအတွေးအခေါ်က အနာခီဆန်ပါတယ်၊ လစ်ဘရယ်ဆန်ပါတယ်။ ရှေးရိုးလမ်းကို ထိုးဖောက်ပြီး လွတ်လပ်တဲ့ လူနေမှုဘဝကို တန်ဖိုးထားတတ်ရေး တိုက်တွန်းတတ်သူဖြစ်ပါတယ်။ အဲဒါကြောင့်လည်း တဲလီမာယုံကြည်မှုကို အနှစ်ချုပ်လိုက်ရင် ကိုယ်ပိုင်လွတ်လပ်စွာတွေးခေါ်မြော်မြင်ကျင့်သုံးခွင့်အဖြစ် ဖွင့်ဆိုနိုင်တာပါ။

# မှော်ဂမ္ဘီရနဲ့ ဓမ္မအမြင်များ

ခရောင်လီက "ဂမ္ဘီရဂန္ဓာရီ" "မှော်" ဆိုတာရှိကြောင်း လက်ခံထားသူပါ၊ သူ့အမြင်အရ မှော်ဆိုတာက "စိတ်အလိုဆန္ဒအလိုက် ပြောင်းလဲစေတတ်တဲ့ သိပ္ပံပညာ" လို့ သူ့ရဲ့ နာမည်ကျော် မှော်ပညာစာအုပ်ဖြစ်တဲ့ "မှော်ပညာ အယူအဆများနှင့် ကျင့်သုံးနည်းများ" (Magick in Theory and Practice) စာအုပ်မှာ အတိအလင်း ဖော်ပြထားပါတယ်။ မှော် (Magic) ကို (Magick) လို့ ပြောင်းလဲသုံးနှုန်းပြီး ဂန္ဓာရီပညာရဲ့ အဆင့်မြင့်တွေးခေါ်မှုကို အဆင့်အတန်းတခု ရှိအောင် မြှောက်ပင့်ခေတ်စားစေခဲ့ပါသေးတယ်။

ခရောင်လီရဲ့ ကိုယ်ပိုင်လက်ခံမှုအရ မှော်ဆိုတာဟာ ကိုးကွယ်ယုံကြည်မှု ဘာသာတရားများနဲ့ သဘာဝသိပ္ပံအကြားက ကူးလူးဆက်သွယ်ရာ သက်သေရှိ

mgyoe.com

mgyoe.com SAMPLE BOOK
တဲ့ ပေါင်းကူးဖြစ်ပါတယ်။ သူ့သဘောအရ သိပ္ပံနည်းကျလေလေ သဘာဝကျလေလေဖြစ်ပြီး ဂမ္ဘီရပညာနဲ့ ဂန္ဓာရီအတွေးအခေါ် အယူအဆတွေက လက်တွေ့ဆန်ပြီး စစ်မှန်တဲ့ သစ္စာတရားတွေဖြစ်ကြောင်း အမြဲအဆိုပြုလေ့ရှိပါတယ်။

ခရောင်လီရဲ့ မှော်ပညာက သဘာဝကို အခြေခံထားခြင်းဖြစ်တဲ့အတွက် "လိင်မှုကိစ္စ"နဲ့ လုံးဝ မကင်းပါဘူး။ သူ့အမြင်အရ စိတ်အာသီသထကြွမှု၊ လိင်အာသီသပြင်းထန်မှု၊ လိင်ကွဲဆက်ဆံမှု၊ လိင်တူဆက်ဆံမှုတွေက သဘာဝဖြစ်ပြီး စစ်မှန်တဲ့ မှော်ပညာရှင်အနေနဲ့ လိင်ဆက်ဆံခြင်းနဲ့ မေထုနသံဝါသကို ငြင်းပယ်ခြင်း မပြုသင့်ကြောင်း လက်ခံထားသူပါ။ ဒီလိုအမြင်တွေကြောင့်လည်း ၂၀ ရာစုလို ရှေးရိုးစွဲခေတ်ကြီးမှာ ခရောင်လီကို နာမည်ပျက်များစွာနဲ့ သမုတ်ကြတာဖြစ်ပါတယ်။ ခရောင်လီကတော့ ဘယ်သူတွေ ဘာပဲပြောပြော သူ့ယုံကြည်မှုကို လုံးဝ အပျက်မခံခဲ့ပါဘူး။ လိင်ကိစ္စက သဘာဝဖြစ်ပြီး သဘာဝနဲ့ ထပ်တူကျဖို့ မှော်ပညာက ပေါင်းကူးဖြစ်တာကြောင့် လိင်မှော်ဟာ အမြင့်မြတ်ဆုံးသောမှော်အဖြစ် လက်ခံထားကြောင်း လူသိထင်ရှား ကြွေးကြော်ခဲ့ပါတယ်။

ခရောင်လီရဲ့ ဓမ္မအမြင်တွေက ရှုပ်ပါတယ်။ ဘာသာမဲ့သူလားဆိုတော့လည်း ဘာသာတရားတိုင်းကို လေ့လာထားတဲ့အပြင် နတ်ဘုရားတွေရော ထာဝရဘုရားကိုပါ လက်ခံသလိုမျိုး အရိပ်အယောင်တွေ ရှိနေသေးတော့ ဘာသာအပေါ် သံသယရှိသူအနေနဲ့သာ သမိုင်းပညာရှင်တွေက ကောက်ချက်ပေးကြပါတယ်။ ဒါပေမဲ့လည်း သူတည်ထောင်ထားတဲ့ တဲလီမာဘာသာယုံကြည်မှုအရ သူက ဂန္ဓာရီသမားဖြစ်သွားပြီး၊ ဘုရားအများကို လက်ခံသူလို့လည်း ဆိုကြပါသေးတယ်။ သူ့ရဲ့ နိယမကျမ်းအရဆိုရင် ခရောင်လီက Monotheist လို့ခေါ်တဲ့ ဘုရားတဆူတည်းကိုပဲ လက်ခံတဲ့ဘာသာအမြင်ကို ဆန့်ကျင်ထားပြီး ဘုရားအများကို လက်ခံကြောင်း သိသာပါတယ်။

သူ့ကိုယ်သူ "သားရဲကြီး" "မကောင်းဆိုးရွားကြီး" "ဖောက်ပြန်သူကြီး" စသဖြင့် ခရစ်ယာဝါဒ ဝေါဟာရတွေ တွင်တွင် သုံးတတ်သူဖြစ်တာကြောင့် တချို့သော ခရစ်ယာန်ပညာရှင်တွေရဲ့ အမြင်မှာ ခရောင်လီက "စေတန်"ကို ကိုးကွယ်သူအဖြစ်လည်း ထင်ခံရပါသေးတယ်။

သူ့ကိုယ်သူ မကောင်းဆိုးရွားကြီးအဖြစ်လည်း မပြောခဲ့ဖူးသလို၊ မကောင်းဆိုးရွားကြီးရဲ့ ကိုယ်စားလှယ် တမန်အဖြစ်သော်လည်းကောင်း တပည့်တပန်းအဖြစ် သော်လည်းကောင်း တခါလေးမှ မပြောခဲ့ဖူးပါဘူး။ သူသုံးနှုန်းခဲ့တဲ့
mgyoe.com

mgyoe.com SAMPLE BOOK

သား၏ ၆၆၆ ဆိုတာကလည်း သူရေးခဲ့တဲ့ စာအုပ်နာမည်ကို ရည်ညွှန်းခဲ့တာဖြစ်ပါတယ်။

၂၀ ရာစုခေတ်အမြင်အရ ခရောင်လီရဲ့ အတွေးအခေါ်တွေက သာမန်မဟုတ်ဘဲ ထူးခြားနေခဲ့တဲ့အခါမှာ မီဒီယာတွေကြောင့် လူတွေရဲ့အမြင်မှာ မကောင်းဆိုးရွားကို ကိုးကွယ်သလိုမျိုး ထင်ခံရတာဖြစ်ပါတယ်။ လူသားတွေနဲ့ ယစ်ပူဇော်သူ၊ ကလေးသွေးသောက်သူ၊ လိင်ဖောက်ပြန်သူ စသဖြင့် အမျိုးမျိုး ထင်ကြေးပေးပြီး စွပ်စွဲခံရပေမဲ့ တကယ်တော့ သူများနဲ့မတူ တမူထူးနေလို့သာ အပြစ်တင်ကဲ့ရဲ့မှုတွေကို ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပါတယ်။

ခရောင်လီဟာ ၂၀၀၂ ခုနှစ် ဘီဘီစီစစ်တမ်းတခုအရ ဗြိတိန်အရှိဆုံး ဗြိတိန် ၁၀၀ စာရင်းသွင်းခံရသူဖြစ်ပါတယ်၊ သူ့ကြောင့်သာ မှော်ပညာဆိုတာက စိတ်ကူးယဉ်ဆန်ပြီး သဘာဝမကျတဲ့ ပညာတခုလို မဟုတ်တော့ဘဲ၊ တကယ်လက်တွေ့ ကျင့်သုံးလို့ရပြီး အားထုတ်လို့ရနိုင်ကြောင်း သက်သေများစွာ ထုတ်ဖော်နိုင်ခဲ့တာပါ။

သူတည်ထောင်ခဲ့တဲ့ တဲလီမာဘာသာရေးရဲ့ လွှမ်းမိုးမှုကလည်း အားကောင်းလွန်းလို့ သူသေဆုံးခဲ့ပြီးနောက် ခန်းနက် ဂရန့် (Kenneth Grant) လို့ခေါ်တဲ့ လောကီပညာရှင်ကလည်း ခရောင်လီရဲ့ ပုဗ္ဗာရုံဂိုဏ်း (O.T.O) ကို အခြေခံပြီး သီဖိုးနီးယန်းအသင်းတော် (Typhonian Order) – (Typhonian O.T.O / T.O.T.O) ဆိုပြီး ဆင့်ပွားထူထောင်ခဲ့ပါသေးတယ်။ တဲလီမာဘာသာရေးကိုပဲ ကျင့်သုံးပြီး လည်ပတ်တဲ့ လောကီပညာဆိုင်ရာ ဂိုဏ်းတော်တခုဖြစ်ပါတယ်။ အထူးသဖြင့် လိင်မှော်နဲ့ ကျော်ကြားပါတယ်။ ထုံးစံအတိုင်း နာမည်ဆိုးတွေနဲ့ စွပ်စွဲမှုတွေက သတင်းကောင်းထက် ပိုများနေတော့ လူအထင်သေးခံခဲ့ရပါတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# နာမည်ကျော်လက်ရာများ

၁။ နိယမကျမ်း
(The Book of the Law – 1904)
၂။ တို့ထ်ပညာပြကျမ်း
(The Book of Thoth – 1944)
၃။ မုသားကျမ်း
(The Book of Lies – 1912)
၄။ ၇၇၇ နှင့် ခါဘာလာဂန္ဓာရီဆောင်းပါးများစုစည်းချက်
(777 and Other Qabalistic Writings – 1909)
၅။ ဆေးစွဲမကောင်းဆိုးရွားရဲ့ နေ့စဉ်မှတ်တမ်း
(The Diary of a Drug Fiend –1922)
၆။ အလိုင်စတာ ခရောင်းလီ၏ ဖွင့်ဟဝန်ခံချက်များ
(The Confessions of Aleister Crowley – 1929)
၇။ မှော်ပညာ အယူအဆများနှင့် ကျင့်သုံးနည်းများ
(Magick in theory and practice – 1929)
၈။ ဆော်လမွန် မှော်ဝင်ကျမ်း
(The Lesser Key of Solomon – 1904)
၉။ တဲလီမာကျမ်းမြတ်
(The Holy Books of Thelema – 1983)
၁၀။ ပုဗ္ဗာရုံဂိုဏ်းအစီအရင်များနှင့် လိင်မှော်ပညာ
(O.T.O Rituals and Sex Magick – 1999)

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK




အလိုင်စတာ ခရောင်လီ၏

# နိယမကျမ်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

နတ်ဘုရားမ

# ဣဝိ



mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ဏုဝိပညာတ်ကျမ်း

၁ – (တဲလီမာနတ်ဘုရားသခင်မ) ဏုဝိရဲ့ အလင်းပြခြင်းကြောင့် အရာအားလုံး ဖြစ်ပေါ်တည်ရှိလာကြတယ်။

၂ – (အသျှင်မရဲ့) သိသာထင်ရှားစေမှုကြောင့် ကောင်းကင်ဘုံက စုဝေးမှုကို သိမြင်နိုင်ခွင့် ရှိကြတယ်။

၃ – ယောက်ကျားရော မိန်းမပါ အားလုံးက (ကောင်းကင်ယံထက်က) မိုးသောက် ကြယ်စင် တာရာတွေပဲ ဖြစ်တယ်။

၄ – ဂဏန်းသင်္ချာဟူသမျှ အဆုံးမရှိ အနန္တဖြစ်ပြီး ခြားနားခြင်း အလျဉ်း မရှိပါ။

၅ – လူသားရဲ့ သားစဉ်မြေးဆက်ကို အလင်းပြမျှဝေသင်ကြားမှုအပေါ် သီးဘီးစ်အသျှင် သူရဲဘုရင် (နေမင်းသခင် မွန်တု) ကယ်မစောင့်ကြပ်တော်မူပါ။

၆ – အသျှင့်ရဲ့ ပညတ်ဟူသမျှ ကျွန်တော်မျိုးရဲ့ ဂမ္ဘီရကထာဖြစ်စေပြီး နောက် နှလုံးသည်းပွတ် သွားလျှာအာနှာစည်းပါစေ။

၇ – မြင်ကြသိကြစေသတည်း အိုင်ဝဟူသော ငါသည်ကား ဟော–ပါ–ခရ (ဟိုရ အသျှင်) သခင်ရဲ့ တမန်တော်ပဲဖြစ်တယ်။

၈ – ဘုန်းတန်ခိုးသိဒ္ဓိတွေက လူသားရဲ့ဗီဇဇီဝအပြင် ရောက်လို့နေတယ်၊ လူသားတို့ရဲ့ အသိဉာဏ ဗီဇက စင်ကြယ်မှသာ သဒ္ဓိတန်ခိုးတိုးထက်နိုင်မယ်။

၉ – မဟာသိဒ္ဓိဘုန်းတန်ခိုးကို မြင်သိအောင် ကြိုးစားပြီး ကိုးစားပါလေ၊

mgyoe.com

mgyoe.com SAMPLE BOOK

ကောင်းကြီးဟူသမျှ ခိုကိုးသူအပေါ် ထွန်းပပေလိမ့်မယ်။

၁၀ – အစေအပါး လက်အောက်ငယ်သား နည်းနည်းသာထားပြီး သိုဝှက် လျှိုတတ်ပါစေ လူမှန်နေရာမှန် ဉာဏ်ယှဉ်လို့သုံး အားလုံးထက် ဘုန်းတန်ခိုး တိုးလို့မဆုံး။

၁၁ – ကိုးကွယ်ကိုးစားလို့ ကိုးကွယ်ကိုးစားရမှန်း မသိသူနဲ့ မျက်ကန်း နားယောင် ဟန်လုပ်ကိုးကွယ်သူတွေက မိုက်မဲသူတွေပဲ။

၁၂ – မိုးကောင်းကင်အောက်က သဘာဝမိခင်ရဲ့ သားသမီးတွေ ကြောက်ရွံ့မနေနဲ့ ကိုယ်နဲ့ သက်ဆိုင်တာကို ရဲတင်းစွာ ထွက်ယူကြပါ။

၁၃ – အသျှင်မက တို့ရဲ့ အထက်မှာ အမြဲရှိတယ်၊ ငါတို့ရဲ့ ဝမ်းနည်းခြင်းက အသျှင်မရဲ့ ဝမ်းနည်းခြင်း၊ ငါတို့ရဲ့ ချမ်းသာခြင်းက အသျှင်မရဲ့ ချမ်းသာခြင်းပဲ။

၁၄ – အထက်ကို မျှော်ကြည့်ကြပါ မဟူရာမိုးကောင်းကင်ထက်မှာ အသျှင်မ ဏုဝိရဲ့ အလှတရားကို အပြည့်အဝ ခံစားရလိမ့်မယ်၊ ဟဒိစ်ရဲ့ နတ်ကပတ်တော်တွေကို နမ်းရှုပ်လျက် ကောင်းကြီးတော်တွေ ပေးနေတယ်၊ ဆည်းဆာချိန်လွန်လို့ ဉာဉ့်ရောက်ခဲ့ရင် ခွန်သျှအရှင်နဲ့အတူ တာရာစုံမိုးသောက်ကြယ်တွေအလယ်မှာ ခမ်းနားစွာနဲ့ ငါတို့အားလုံးကို မျက်နှာတော်ပေးလိမ့်မယ်။

၁၅ – အလုံးစုံသော အစွမ်းသိဒ္ဓိတန်ခိုးတွေကို အဆုံးမရှိ ခြယ်လှယ်ချုပ်ကိုင်နိုင်တဲ့ ခရမ်းရောင်အသျှင်မရဲ့ ဘုန်းတန်ခိုးကြောင့် သားရဲရဲ့ နောက်လိုက် အမှုတော်ဆောင်မင်းသားတို့နဲ့ ရှေးကောက်ခံနတ်ဆရာ တမန်မှူး တမန်တော်တို့အားလုံး ကောင်းကြီးတော်ကို ခံစားကြရတော့မယ်။ မိခင်ကြီးရဲ့ ရင်ခွင်ထဲမှာ ပျော်ရွှင်ခြင်း ကြည်နူးခြင်း သာယာခြင်းတွေကို အပြည့်အဝခံစားရပြီး လူသားရဲ့နှလုံးသားကို အေးချမ်းစေနိုင်ခွင့်ရတော့မယ်။

၁၆ – မိုးကောင်းကင် ထက်ဝဋ္ဋာရဲ့အသျှင်က နေမင်းဖြစ်ပြီး၊ မဟူရာ ဉာဉ့်နက်ရဲ့ အသျှင်မက လမင်းဖြစ်တယ်၊ အသျှင့်ရဲ့ တောက်ပြောင်သော အတောင်ပံတို့က ထင်ဟပ်တဲ့ အလင်းရောင်တို့ကြောင့် အသျှင်မရဲ့ မိုးသောက်ကြယ်တို့ လင်းလက်ကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၇ – လူသားမှန်ရင် ရွေးကောက်ခံမဖြစ်လင့်ကစား မိုးသောက်ဦး ကြယ်စင်မှန်ရင် တမန်ထူးဖြစ်ခွင့် ရကြလိမ့်မယ်။

၁၈ – အာကာသအသက် သဘာဝသားရဲ မြွေဆိုးကြီး ကြီးကျယ် ခမ်းနားလှတယ်၊ ရန်သူတွေရဲ့ လက်နက်တွေကို ဖြိုခွင်းဖျက်ဆီးလိုက်ပါ။

၁၉ – နီလာရောင်အသျှင်မ အားလုံးကို ညှို့ယူပြုစားလိုက်ပါ။

၂၀ – အစီအရင်တိုင်းရဲ့ လျှို့ဝှက်ချက်က အသျှင်မ ချမှတ်ပေးထားခဲ့တဲ့ နုတ်ကပတ်တော် တခွန်းတချက် အာဏာစက်သာ ဖြစ်တယ်။

၂၁ – အသျှင်သခင်ရဲ့ ရှေ့တော်မှောက် ငါဟာ ဗလာနတ္ထိ ဖြစ်တည် ခြင်းမရှိ ပျောက်ကွယ်လျက်ရှိတယ်၊ အဘယ်သူကမှ ငါ့ကို မြင်နိုင်မှာ မဟုတ်၊ မြေကမ္ဘာရင်းပြု သင်းတို့ ဖြစ်တည်ချိန်မှာ ကောင်းကင်ထက် က ကြယ်စင်တွေနဲ့အတူ ငါဖြစ်တည်နေမယ်၊ ငါသာလျှင် ငါ့အသျှင် ဖြစ်ပြီး ငါ့အသျှင်က ငါပဲဖြစ်တယ်။ ဒါဟာ ငါအသျှင်ချမှတ်တဲ့ ဟဒီ စ်တော်ပဲ။

၂၂ – သင်တို့ရဲ့ နုတ်ဝစီမှာ ငါက ဇာဝိလည်းဖြစ်တယ်၊ လွယ်လွယ်မ သိနိုင်တဲ့ အပြားပြားသော အမည်တို့နဲ့ ငါ့ကို ရည်ညွှန်းသမုတ် ခေါ် ဆိုတမ်းတနိုင်တယ်။ ငါဟာ အနန္တစကြာဝဠာ အာကာသကြီးဖြစ်တယ်။ အနန္တများမကတဲ့ တာရာနက္ခတ်တိုင်းက ငါ့ကြောင့် ဖြစ်နေကြတယ်။ သင်တို့ စွမ်းနိုင်မည်မဟုတ် အချည်းနှီး အားထုတ်မနေကြနဲ့။
ငါကြောင့် သင်တို့ ဝေခွဲမရ မဖြစ်ကြနဲ့။ အဘယ်သူကမှ အဘယ်သူနဲ့ တူနိုင်မည်လည်း မဟုတ် သာနိုင်မည်လည်းမဟုတ် သင်သာလျှင် သင့် အရှင် သင်သာလျှင် သင့်သခင်ဖြစ်တယ်။

၂၃ – အချက်အတတ်ကို နားလည်တဲ့သူ အဘယ်သူမဆို သူသည်သာ အားလုံးရဲ့ အသျှင်ဖြစ်သင့်တယ်။

၂၄ – ငါသည် ဇာဝိဖြစ်တယ် ငါ့စကားတွေက ခြောက်ကနေ ငါးဆယ် ဖြစ်တယ်။

၂၅ – မြှောက်ပါ ပေါင်းပါ ခြားနားပါ ဒါမှ နားလည်နိုင်လိမ့်မယ်။

၂၆ – ကျေးကျွန်တို့ရဲ့အသျှင် အလှသခင်မကို ရွေးကောက်ခံတမန် တော်ကမေးလိုက်တယ်၊ ကျွန်တော်မျိုးက ဘယ်သူလဲ ကျွန်တော်မျိုးရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အဖြစ်က ဘာအတွက်လဲဆိုတော့ အသျှင်မက ခေါင်းငုံ့လျက် ဖြေတယ်၊ နီလာရောင် ကိုယ်ရောင်ကိုယ်ဝါတွေက တမန်တော်ရဲ့ ကိုယ်ခန္ဓာတခုလုံးအပေါ် လွှမ်းမိုးလို့၊ အသျှင်မရဲ့ ဘုန်းသဒ္ဓိတန်ခိုးတွေက လောကရဲ့ အစွန်အဖျားအထိ လွှမ်းခြုံလို့နေတယ်၊ စင်ကြယ်တဲ့အရာတွေထက် အစင်ကြယ်ဆုံးသော အသျှင်မရဲ့ လက်အစုံက မြေကမ္ဘာပေါ် ဖိသိပ်ရင်း ချစ်ခြင်းတရားကို တောင့်တသောအားဖြင့် နူးညံ့ညင်သာတဲ့ ခြေတော်အစုံက ပန်းငယ်လေးတွေနဲ့အတူ ပေါက်ဖွားလာတယ်၊ သိပါလေ တမန်ငယ် ဖြစ်တည်ပျက်မှု အစဉ်ကို နားလည်သူ သဘာဝကြီးကို နားလည်သူ တည်ရှိခြင်းရဲ့ အနှစ်သာရ အေးချမ်းမှုအစစ်ရဲ့ ဂမ္ဘီရကို သိနိုင်သူဖြစ်အောင် သတင်းကောင်းပါးပါလေ။

၂၇ – အာကာသမိုးထက်ဝဋ္ဋာရဲ့ အသျှင်မနုတ်ကပတ်တော်က ညင်သာတဲ့ နမ်းရှုတ်မှုအလား ကောင်းကင်ယံတခုလုံး လင်းလက်ပြည့်နှက်သွားတယ်၊ အသျှင်မ ဏုဝိ ကောင်းကင်ဘုံကို ကြီးကျယ်စေသူ အသျှင်မကြောင့် လောကသည် ဖြစ်လာရပြီ အသျှင်မရဲ့ ဘုန်းတော်ကြောင့် ပြောဖွယ်မလိုဘဲ ဖြစ်ဖွယ်ရှိသမျှ ဖြစ်လာခဲ့ပြီ ကောင်းကြီးတော်ကို ပေးသနားတော်မူပါတော့။

၂၈ – အလင်းကို ယူ အမှောင်ကို လွှမ်း တာရာအလား တောက်ပပါစေ။

၂၉ – အချစ်ကြောင့် ကွေကွဲရမယ် ဒါပေမဲ့ အခွင့်ကြောင့် စုံမက်ကြလိမ့်မယ်။

၃၀ – နာကျင်မှုကို ကျော်လွန်ပြီး ဘာကိုမဆို ရင်ဆိုင်နိုင်တဲ့ သတ္တိမွေးချိန်က လောကကြီးရဲ့ အစပဲဖြစ်တယ်၊ ပျော်ရွှင်ခြင်းတို့ ပျက်သုဉ်းပြီး နာကျင်မှုတွေ စုပြုံလာတာနဲ့ ကမ္ဘာပျက်ကိန်းပဲ။

၃၁ – လူတဖက်သားရဲ့ မိုက်မဲမှုကြောင့် ကိုယ်ပါ စိတ်ဆင်းရဲတာမျိုး မဖြစ်စေနဲ့၊ လေးနက်စွာ တွေးဆကြည့်ရင် ငါကလွဲ ကျန်တာ သုညပဲဖြစ်တယ်။ အားနည်းအားယုတ်တဲ့ သာယာမှုကြောင့် အဓိပ္ပါယ်ရှိတဲ့ မျက်ရည်တစက် အချည်းနှီးမဖြစ်ပါစေနဲ့။

၃၂ – ရွှေးကောက်ခံ တမန်တော်ရဲ့ သတင်းစကားကို နာခံကြပါ၊ အသျှင်

mgyoe.com

mgyoe.com
SAMPLE BOOK

မရဲ့ အသိပညာကို တန်ဖိုးထားကြပါ၊ နာကျင်မှုတွေကနေ ကယ်မစောင်ကြပ်တော်မူလိုတဲ့ အသျှင်မရဲ့ ကရုဏာကို သိကြပါ၊ သတင်းစကားဟူသမျှရဲ့ အမွန်မြတ်ဆုံးသော သတင်းကောင်း အဆုံးအမက – သင်သာလျှင် သင့်အသျှင်ဖြစ်တယ်၊ လိုချင်ရင် ရအောင်ယူရမယ်၊ နှလုံးသားကို အရင်းတည်သမျှ အသိတရားတိုင်းကို လွှမ်းခြုံနိုင်တယ်။

၃၃ – အသျှင်မကို တမန်တော်က တောင်းခံတယ်၊ အမိန့်တော်ချမှတ်ပြီး လမ်းကြောင်းပြပေးပါဆိုတော့

၃၄ – အသျှင်မက တမန်တော်ကို ဖြေကြားတယ် အမိန့်တော် ငါချမှတ်မှာ မဟုတ် ဘဝဆိုတာ ကိုယ်တိုင်က ထုဆစ်ရတယ် အစီအရင်ရှိမှ ပြုစားနိုင်တာမဟုတ် နိယမမှန်ရင် ဥပါဒ်လည်း မှန်လိမ့်မယ်။

၃၅ – အမှာစကား အမိန့်တော်ကြားသည့်နောက်မှာ နိယမသုံးကျမ်းနတ်ကပတ်ကို ငါဖွင့်အန်ခဲ့ပြီ။

၃၆ – အစဦးသခင် အန်ကီ အဆုံးသတ်အသျှင် ခွန်သျှုတို့အား ဦးထိပ်ထားလျက် ဦးသျှောင်တကာ့ဦးသျှောင် မင်းတကာ့မင်းမြတ် အမှုတော်ဆောင်သူတို့ကို ငါဆင့်ခေါ်အပ်ပြီ နိယမကျမ်းလာ ဤနတ်ကပတ်တို့ကား ပြောင်းလဲခြင်းတို့မှ ကင်းစေရမည်၊ ယိုးမှားခြင်းမှ ကင်းစေရမည် နေမင်းအသျှင် ရာအမိန့် ကောင်းကင်သခင် ဇာဝိစကားအရ နိယမကျမ်းလာ နတ်ကပတ်တိုင်းကို ကာကွယ်ကြစေ။

၃၇ – ဤနတ်ကပတ်တော်လာ မန္တရားတွေ မန္တန်တွေကို နာခံကြစေ သင်တို့ရဲ့ နှင်တံတိုင်းက ဓားသွားထက်ကို ပိုထက်မြလိမ့်မယ် ဒါကို သိအောင်သင် တတ်အောင်ကျင့် ဖြစ်အောင်လုပ်ကြပါလေ။

၃၈ – အသိကို မျှ အကျင့်ကို ပေး သင်ကြားပို့ချခြင်းကို မပြတ်စေနဲ့။

၃၉ – နိယမရဲ့ မူလအစ နတ်ကပတ်ကား တဲလီမာ ဖြစ်တယ်။

၄၀ – တဲလီမာကို လိုက်စားသူတိုင်း မကောင်းမှုကို အပပြုနိုင်မယ်၊ ဂမ္ဘီရကထာကို မြင်သိနိုင်မယ်၊ လောကမှာ တဲလီမာလိုက်စားပုံ သုံးမျိုးရှိတယ်၊ (၁)အရညကဝါသီ (၂) ရာဂီနဲ့ အမှုဆောင်တို့ပဲ။ နိယမကျမ်းလာ နတ်ကပတ်အတိုင်း အလိုရှိတဲ့ဘဝကို ထုဆစ်ပါလေ။

mgyoe.com

mgyoe.com SAMPLE BOOK

၄၁ – အပြစ်ဆိုတာ တားဆီးခြင်းခံရမှုကို ဆိုလိုတယ်။ လူမှန်ရင် တားဆီးခြင်းခံရတယ်၊ ပိတ်ပင်မှုဟူသမျှကို ထိုးခွင်းပါလေ။ လွတ်လပ်ခြင်းရှိတဲ့ ဘဝကို ဖော်ဆောင်နိုင်မှ အပြစ်ကင်းတဲ့ ဘဝကို ပိုင်ဆိုင်နိုင်မှာဖြစ်တယ်။ လွတ်လပ်စွာ နေခွင့်မရခြင်းက တားဆီးခြင်းကြောင့် ချုပ်တည်းနေရမှုပဲ၊ ဒါကြောင့် ကိုယ်တိုင်က ပိတ်လှောင်မိတဲ့ အကျဉ်းထောင်ထဲကနေ ရုန်းထွက်လိုက်ပါ။ ကိုယ့်ကိုယ်ကိုယ် အကျဉ်းကျနေမှန်း မသိသူက ရှင်လျက်နဲ့ ငရဲခံနေရသလိုပဲ၊ မမိုက်မဲပါနဲ့။

၄၂ – ချုပ်တည်းခံဘဝမှာ ရှင်သန်နေရတာကို ရွံမုန်းလိုက်ပါ၊ အော့နှလုံးနာပါ။ အားကုန်ရှိသမျှ ကန်ကျောက်ပြီး ရုန်းထွက်လိုက်ပါ။ တားဆီးခံဘဝဆိုတာ ရှင်သန်ခြင်းမရှိတာကြောင့် လူဖြစ်ရကျိုး မနပ်တဲ့အတွက် အပြစ်ဖြစ်ပါတယ်၊ အပြစ်ကနေ ကင်းလွတ်အောင် ရုန်းထွက်ပြီး လွန်မြောက်တဲ့ဘဝမှာ လူပီသစွာ ရှင်သန်လိုက်ပါ။

၄၃ – တားဆီးမှုဟူသမျှကို ဆန့်ကျင်ပြီး လုပ်ဖြစ်အောင် လုပ်လိုက်ပါ။

၄၄ – အလိုဆန္ဒ အပြည့်နဲ့ ရည်မှန်းထားသမျှကို ဖော်ဆောင်ပါ၊ ရမ္မက်ရာဂရဲ့ ဖုံးလွှမ်းမှုကြောင့် မိုက်မဲသူ မဖြစ်စေနဲ့၊ အရာအားလုံး ပြည့်စုံချင်ရင် အစဦးကတည်းက ကိုယ့်အားကိုယ်ကိုးစားနိုင်ရမယ်။

၄၅ – ပြည့်စုံမှုမှန်ရင် ပြည့်စုံခြင်းရှိပြီးသားဖြစ်တဲ့အတွက် ပြည့်စုံအောင် လုပ်နေဖွယ်မလိုဘူး ဒါကြောင့် ပြည့်စုံခြင်းရှိနိုင်အောင် ပြည့်စုံအောင် ကြိုးစားမယ့်အစား ပြည့်စုံသည်ဖြစ်စေ မပြည့်စုံသည်ဖြစ်စေ ကြိုးစားအားထုတ်မှုကို လုံ့လအပြည့်နဲ့ လက်တွေ့လုပ်လိုတဲ့ဆန္ဒမျိုး မွေးမြူအားထုတ်ပါ။

၄၆ – နိယမမှာ လျှို့ဝှက်ထားတာ မရှိပါဘူး။ ခြောက်ဆယ့်တစ်လည်း ဟုတ်တယ်၊ ရှစ်လည်း ဟုတ်တယ်၊ ရှစ်ဆယ်လည်း မှန်တယ်။ လေးရာနဲ့ ဆယ့်ရှစ်ဆိုလည်း မှန်တယ်။

၄၇ – ဘယ်အရာမဆို တဝက်တပျက် အစပ်အကြားရှိတယ်။ အချို့အရာတွေက ပေါင်းစပ်မှ ပြည့်စုံတယ်။ ပေါင်းဖက်မှ ပြည့်စုံရင် ပေါင်းတတ်ဖို့ လိုတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

၄၈ – ချေးကောက်ခံ တမန်တိုင်းက သူရှူးတွေကြီးပဲ တယောက်တည်း တဘာဝတည်း တခနတာအတွက်နဲ့ န္တားလိုရှုန်းမယ့် စာအုပ်ကြီးသမား တွေဖြစ်တယ်။

၄၉ – အစီအရင် အခမ်းအနားတွေကို ပယ်ပါ၊ အမိန့်စကား စည်းမျဉ်း များကို ငြင်းဆန်ပါ၊ နိယမလမ်းစဉ်က အရှေ့အရပ်က ထွက်တဲ့နေ လိုပဲ အမှန်တရားဖြစ်တာကြောင့် လူသားကို တောက်ပခွင့်ရှိစေ ပြီး ဘုရားဖြစ်စေနိုင်တယ်။ ရှင်ဘုရင်မှန်ရင် အောက်ခြေက စဖို့မလို ဘူး၊ အသိဉာဏ်စွမ်းကို အခြေခံရုံနဲ့ သေရွာကနေ ပြန်လာလို့ရတယ်။ အကောင်းနဲ့ အဆိုး၊ မြင့်မြတ်ခြင်းနဲ့ ညစ်နွမ်းခြင်းဆိုပြီး ရှိကြတယ်။ အထက်ကနေ အောက်၊ အောက်ကနေ အထက် အပြန်အလှန်သဘော ကို မြင်သိအောင်သင်၊ သခင်စိတ်မွေး ကျွန်လိုလုပ်။

၅၀ – အောက်ခြေနိုင်မှ အမြင့်ပိုင်မယ် အမြင့်ပိုင်ဖို့ အလယ်ခိုင်ရမယ်။ အလယ်မကျေ အမြင့်မနေဘူး။ အောက်သက်ကျေမှ အလယ်မှာနေနိုင် ပြီး အမြင့်ကို ပိုင်နိုင်မယ်။ သုံးလမ်းသုံးစဉ်သုံးစည်းသုံးနည်းကို ပြည့်ဝ ကုံလုံအောင် သင်ယူလေ့လာကျင့်ကြံအားထုတ်ပါ။

၅၁ – ငွေနဲ့ရွှေတံခါး အရင်ဖွင့်ပါ။ သေခြင်းကို ပိုင်လိမ့်မယ်။ စံပယ်နဲ့ နှင်းဆီတံခါး ဆက်ဖွင့်ပါ။ ဉာဏ်စဉ်အလင်း မြင့်လိမ့်မယ်။ ကျွန်လို လုပ် ပြီး၊ သူရဲလို စစ်ထိုး၊ ကုန်သည်လို ပြိုင်ဆိုင်ပြီး မင်းဘုရင်လို အုပ်စိုး ပါ။ လေးရပ်သော တံခါးကို ဖွင့်တတ်မှ ကောင်းခြင်းအဖြာဖြာကို ရနိုင် မယ်။ ဆန္ဒအလို မခိုင်ပါဘဲ မနိုင်နင်းတဲ့အရာကို အပိုင်ခွင်းဖို့ မကြံနဲ့။ အသွားထက်လျက်နဲ့ အရင်းမခိုင်တဲ့ ဓားလို အသုံးမကျဖြစ်လိမ့်မယ်။

၅၂ – မသေချာရင် မရင်ဆိုင်နဲ့။ တယောက်တည်းအားနဲ့ လူတရာအား ကို မယှဉ်နဲ့။ မခံချင်ရင် ကြံကို မကြံနဲ့။ အစီအရင်ရှိမှ ဉပါဒ်ဖြစ်တာ မဟုတ်ဘူး၊ နိယမမှန်ရင် အစီအရင်မှန်သမျှကို ခွင်းနိုင်စွမ်းရှိတယ်။

၅၃ – နှုတ်ပြောစကား၊ ကိုယ်လုပ်ပယောဂ၊ တွေးကြံသမျှ မှန်ကန် တည်ကြည်ပါစေ။ အမှုတော်ကိုဆောင်ရင် အမှုတော်ကို ပိုင်မှကိုင်၊ သတင်းစကားပါးရင် ကောင်းသတင်းဆောင်သူသာ ဖြစ်ပါစေ။ ငါငါငါ ဆိုပြီး ငါနိုင်တိုင်း ငါမလုပ်ချင်နဲ့။ ငါလုပ်မှားရင် ငါမဖြစ်တော့ဘဲ သူသူ သူဆိုပြီး သူ့အနိုင်ကို ငါမပိုင်ရလေကောင်းလား နောင်တရတတ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

၅၄ – မပြောင်းလဲတဲ့ မတိုးတက်ဘူး၊ ပြောင်းလဲတိုင်းလည်း မကောင်းပြန်ဘူး။ ကောင်းခြင်းဟူသမျှ ပြောင်းခြင်းကြောင့်သာ ဖြစ်နိုင်တယ်။ ပြောင်းလဲခြင်းရှိမှ ကောင်းခြင်းအဖြာဖြာ တိုးဝေနိုင်တယ်။ ဒါကြောင့် ပြောင်းလဲခြင်းကို မြတ်နိုးပါ။ ကောင်းတဲ့ပြောင်းလဲမှုကို ဖန်တီးပါ။ ပြောင်းလဲခြင်းကို နိုင်နင်းရင် ဂမ္ဘီရကို ပိုင်ခြင်းပဲ။

၅၅ – သင့်လက်ထဲက ကလေးကို သူ့လက်ထဲ ပစ်မထည့်နဲ့။ လက်ခုပ်ထဲက ရေ ကိုယ့်ရေ။

၅၆ – အရှေ့ရပ်က လာလေမလား အနောက်ရပ်က လာမှာလား ဘယ်အရပ်ကိုမှ မမျှော်နဲ့ လာဖွယ်ရှိရင် လာလိမ့်မယ်၊ မျှော်နိုင်မှ ရနိုင်တာမဟုတ်၊ မျှော်စရာမလိုအောင် လုပ်ထားရင် အချိန်တန် ရဖွယ်ရှိတာ ရလိမ့်မယ်။ တိုက်စရာမလိုတဲ့ စစ်ထိုးမှုနဲ့ အနိုင်ယူပါ။ လုပ်စရာမလိုတဲ့နည်းနဲ့ အလုပ်ပြီးအောင် လုပ်ပါ။ ပြောစရာမလိုတဲ့ နည်းနဲ့ ခိုင်းပါ။ ခိုင်းစရာမလိုတဲ့နည်းနဲ့ အလုပ်ဖြစ်ပါစေ။ ဒါဆိုရင် ဘယ်လောက်မှောင်မှောင် အလင်းရောင် ရှိနေလိမ့်မယ်။

၅၇ – ကြယ်တာရာတို့ရဲ့ အစွမ်း အံ့မခန်းပါပဲ။ နိယမရဲ့အစွမ်းက ချစ်ခြင်းမေတ္တာအလား အလွန်အားကြီးတယ်။ အရူးလို မချစ်ဘဲ အမူးလိုချစ်ပါ။ အချစ်ရှိရင် ဘဝရှိတယ်။ အထီးကျန်ဘဝနဲ့ အနှစ်သာရတွေကို မကုန်ခမ်းစေနဲ့။ သာယာဖွယ်ဘဝဆိုတာ အချစ်ရှိမှ ဖြစ်နိုင်တယ်။ ချမ်းသာကြွယ်ဝခြင်းအစစ်က ကျန်းမာတဲ့ ရုပ်ခန္ဓာနဲ့ မြတ်နိုးပေးတဲ့ ချစ်သူများစွာ ရှိခြင်းပဲ။

၅၈ – ပျော်ရွှင်ချမ်းသာခြင်းအစစ်က ယုံကြည်သက်ဝင်မှုရှိမှ ရနိုင်တာမျိုး မဟုတ်ဘူး၊ အမှန်တရား စစ်ရင် မှန်ကြောင်း ပြနေစရာမလိုသလို၊ သစ္စာမှန်ရင် ကျိန်နေဖွယ် မလိုဘူး။ သေခြင်းတရားကြောင့် ရှင်ခြင်းက အနှစ်သာရရှိသလိုပဲ၊ အပြစ်မကင်းမှုကြောင့် စင်ကြယ်တဲ့ဘဝက တန်ဖိုးရှိနေတာ ဖြစ်တယ်။ သွေးမစွန်းဘဲ မအေးချမ်းဘူး။ အေးချမ်းမှုကို မြတ်နိုးရင် ပူလောင်မှုကို ရင်ဆိုင်ရဲရမယ်။ ပူလောင်မှုကို ရှောင်ခွင်းပြီး အေးချမ်းမှုကို တောင့်တနေရင် မိုက်မဲတာပဲ။

၅၉ – အဆူးများတဲ့ အဆိပ်ပင်မဖြစ်စေနဲ့၊ အရိပ်အာဝါသ ပေးနိုင်တဲ့ သစ်ကြီးကောင်းပင်ဖြစ်ပါစေ။

mgyoe.com

mgyoe.com SAMPLE BOOK

၆၀ – ၁၀ ထက် ပိုတဲ့ ၁၁ ဖြစ်ပါစေ။ လိုတာထက် ပိုရန်းပြီး ပိုတာထက် အလိုမရှိတော့တဲ့ဘဝမှာ သူ့ထက်သာအောင် နေနိုင်ပါစေ။

၆၁ – အဆိုးရော အကောင်းကိုပါ ချစ်နိုင်သူဖြစ်ပါစေ။ အဆိုးဆုံးကိုတောင် မြတ်နိုးတတ်ရင် အကောင်းဆုံးကိုတန်ဖိုးထားတတ်လိမ့်မယ်။ ကောင်းဖို့အတွက် မကောင်းသင့်ရင် မကောင်းတာက ကောင်းတာဖြစ်သွားလိမ့်မယ်။ ကောင်းဖို့အတွက် မကောင်းနိုင်တိုင်း ကောင်းတတ်သူမဖြစ်ဘူး။ ကောင်းတတ်သူဖြစ်ချင်ရင် မကောင်းတာလုပ်ပြီး ကောင်းတာဖြစ်အောင် ဖန်တတ်မှသာ အလုပ်ဖြစ်တယ်။ ဒါကြောင့် ကောင်းခြင်းဆိုးခြင်းဆိုတဲ့ ပညတ်ကို ကျော်ပြီး အကျိုးနဲ့အကြောင်း အလိုက် လုပ်တတ်သူဖြစ်ပါစေ။

၆၂ – အမှုတော်ဆောင်ရင် အခုထက်ပိုကောင်းတဲ့အချိန် မရှိဘူး။ ကိုယ်သာလျှင် ကိုယ့်သခင် ကိုယ့်စိတ်ကြောင့် ကိုယ့်အသျှင် အစစ်အမှန်ဖြစ်ပါစေ။ ကိုယ့်စိတ်တည်ရာ အရပ်ဟာ ကိုယ့်ရဲ့ ဝတ်ကျောင်းဆောင်ရှိရာ နေရာဖြစ်တယ်။ ချစ်ခြင်းမေတ္တာကို ဦးထိပ်တင်လျက် အမှုတော်ကို ပြီးမြောက်အောင် ဆောင်ရွက်ပါ။

၆၃ – မွှေးရနံ့ကို မက်မောသလို ချစ်ခြင်းမေတ္တာကို လိုချင်စိတ်မွေးပါ။ အမုန်းတရားနဲ့ ညစ်နွမ်းစိတ်ကို ထိန်းချုပ်နိုင်သမျှ ထိန်းချုပ်ထားပြီး အမှုတော်ဆောင်တိုင်း အကြည်ဓာတ်ပွင့်အောင် ကိုယ်တိုင်ကစပြီး လမ်းဖောက်ပါ။

၆၄ – နံနက်ခင်းအာရုံ မိုးသောက်စကာလ ကြည်နူးဖွယ်ဖြစ်သလို ကိုယ်နဲ့ ရေစက်ပါသူတိုင်းကို အကြည်ဓာတ် မျှဝေပါ၊ ညနေခင်းဆည်းဆာ နွေးထွေးမှုရှိသလို ကိုယ်နဲ့ ပတ်သက်သူတိုင်း လုံခြုံမှုအပြည့်ရှိကြပါစေ။

၆၅ – ငါသည်သာ ငါ့အားကိုးရာဖြစ်တယ်။

၆၆ – အသျှင်မဏုဝိရဲ့ နုတ်ကပတ်တော်များ ဤတွင်ပြီးပါပြီ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK


mgyoe.com

mgyoe.com SAMPLE BOOK

ပရလောကနတ်ဘုရား

# အိုဆိုင်းရပ်စ်





mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ဟာဒိစ်နတ်ကာပတ်ကျမ်း

၁ – ဟာဒိစ်ရဲ့ လျှို့ဝှက်ချက်က ဏုပဲဖြစ်တယ်။

၂ – မသိမမြင်ရသေးတဲ့ ဂမ္ဘီရတွေကို သင်ယူကြပါလေ၊ ဟာဒိစ်သည်ကား ဏုရဲ့ ပြည့်စုံခြင်းပဲဖြစ်တယ်၊ အိမ်တော်မင်္ဂလာကို ခညောင်းစေတဲ့ တခုတည်းသော သဒ္ဓိတန်ခိုးဖြစ်တယ်။

၃ – လောကကြီးရဲ့ ဗဟိုချက်မဖြစ်တယ်။ ဘဝရဲ့ မူလဗီဇဖြစ်တယ်။

၄ – သိလျှင် သိခြင်း သိပြီးသည်ထိ ဟာဒိစ်သည်သာ ဂမ္ဘီရဖြစ်တယ်။

၅ – ရှေးရှေးက အစီအရင်တွေဟာ အမှောင်အမိုက်အတိသာဖြစ်ပြီး၊ ကမ္ဘာဟောင်းက ရန်ဟူသမျှကို ဟာဒိစ်က သုတ်သင်လိမ့်မယ်။ ကောင်းခြင်းရဲ့ မင်္ဂလာအစစ် အေးချမ်းခြင်းရဲ့ တမန်တော်အစစ်ဖြစ်တယ်။

၆ – လူသားရဲ့ နှလုံးသားထဲမှာ ကိန်းဝပ်လျက်ရှိတဲ့ အရှိန်အဟုန်ဖြစ်တယ်၊ ကြယ်တာရာတို့ကို တောက်ပစေတဲ့ သတ္တိအစစ်ဖြစ်တယ်၊ ရှင်သန်ခြင်းဘဝရဲ့ အသက်သွေးကြောဖြစ်တယ်၊ သေခြင်းနဲ့ ရှင်ခြင်းရဲ့ လျှို့ဝှက်ချက် မူလအသိပညာအစစ်ဖြစ်တယ်။

၇ – မဟာဂမ္ဘီရပညာရှင်ကြီးဖြစ်သလို မဟာဂန္ဓာရီပညာရဲ့ သခင်လည်းဖြစ်တယ်၊ စကြဝဠာကို လည်ပတ်စေနိုင်တဲ့ ဝင်ရိုးအစစ်လည်းဖြစ်တယ်၊ လေးဘက်လေးနံ ရှစ်ဘက်ရှစ်နံ အရပ်တိုင်း ထောင့်တိုင်း အဝန်းတိုင်း အကွေးတိုင်းမှာ အမြဲတည်လျက်ရှိတဲ့ ပင်ရင်းဓာတ်ကြီးလည်းဖြစ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

၈ – အသျှင်တို့ရဲ့အသျှင် သခင်တို့ရဲ့သခင် ဘုရင်တို့ရဲ့ဘုရင် ဘုရားသခင် ကိုးစားတဲ့ ကိုးကွယ်ခံလည်းဖြစ်တယ်။

၉ – ပျော်ရွှင်ခြင်းအစစ် သုခချမ်းသာအစစ်ရဲ့ အဖြေလည်းဖြစ်တယ်၊ ဝမ်းနည်းခြင်း ပူဆွေးခြင်းတွေကို ဖြေသိမ့်ပြီး အရိပ်အမှောင်တွေကို ဖျက်ဆီးပေးနိုင်သူလည်းဖြစ်တယ်၊ အတိတ်ရဲ့ လောင်းရိပ်ကို ခွင်းပြီး အနာဂတ်ကို တောက်ပခွင့်ပေးနိုင်သူလည်းဖြစ်တယ်။

၁၀ – အမှုဆောင်တမန်တို့ ဟာဒိစ်နုတ်ကပတ်တော်ကို နာခံကြပါတော့။

၁၁ – အမုန်းကြောင့်ပဲဖြစ်စေ အချစ်ကြောင့်ပဲဖြစ်စေ စိတ်ထား တည်ကြည်ခိုင်မြဲပါစေ။

၁၂ – သိတိုင်းလည်း မဖြေနဲ့ ဖြေတိုင်းလည်း ဝန်မခံနဲ့ ဝန်ခံတိုင်းလည်း မယုံကြနဲ့။

၁၃ – ဘာကြောင့်လဲ ဘာအတွက်လဲ ဘာလို့လဲဆိုတဲ့ သံသယနဲ့ စောဒကတက်ပါ။

၁၄ – ကန့်လန့်ကာနောက်ကွယ်က အကြောင်းအရင်းကို မြင်အောင် အရင်ကြည့်ပြီးမှ မျက်မှောက်က ပြဿနာကို ဖြေရှင်းဖို့ ကြိုးစားပါ။ အလင်းရောင်ရှိတိုင်း အမှောင်ကို ခွင်းနိုင်တာမဟုတ်ဘူး၊ တခါတလေ အမှောင်ထဲမှာပဲ အကြောင်းရှာရတတ်တယ်။

၁၅ – ပြည့်စုံသူဆိုတာ လောကမှာ မရှိဘူး၊ နံပါတ်ကိုးက အမြင့်ဆုံး မဟုတ်ဘူး၊ နံပါတ်ရှစ်နဲ့ နံပါတ်တစ် ပေါင်းသွားရင် နံပါတ်ကိုးထက် အဆများစွာ သာသွားတယ်။ ဒါကြောင့် မလိုတာကို မလိုချင်နဲ့ လိုတိုင်း လည်း မယူချင်နဲ့ မင်းဘုရင်မှန်ရင် လိုတာကို ရအောင်လုပ်စရာမလိုဘဲ ရလာတာတွေကို အလိုရှိသည်အတိုင်း ဖန်တီးနိုင်ကြတယ်။

၁၆ – ကိုယ်သာလျှင် အရှင် ကိုယ်သာလျှင် သခင်ဖြစ်ပါစေ။

၁၇ – သက်ပြင်းချသူတို့ နားထောင်ကြ၊ ဝမ်းနည်းနေသူတို့ ဆင်ခြင်ကြ၊ မကျန်းမာသူတို့ နာခံကြ၊ မသိရင်မေး မစင်ရင်ဆေး။

၁၈ – မဝံ့မရဲသူတို့ကား သေသူများသာ၊ ပျော်နိုင်လျက်နဲ့ မပျော်နိုင်ဘဲ အေးနေလျက်နဲ့ ပူလောင်နေသူတို့ကား ရှင်လျက်သေသူများသာ။

mgyoe.com

mgyoe.com SAMPLE BOOK

၁၉ – ခွေးလောက်မှ သစ္စာမရှိ၊ ငှက်လောက်မှ လုံ့လမထုတ်၊ ကြောင်လောက်မှ စိတ်ရတတ်မအေးနိုင်ဘဲ လူလုပ်ချင်နေရင် ရှုးနှမ်းမှုပဲဖြစ်တယ်။

၂၀ – လုပမှုနဲ့ သန့်စွမ်းမှု အစစ်ဆိုတာက ရယ်မောခြင်းနဲ့ အရသာပြည့်ဝခြင်းတို့ပဲဖြစ်တယ်။ ခွန်အားဆိုတာ နိုင်မှုကိုဆိုလိုတယ်။

၂၁ – ရိုးရာကိုလည်း မသိ သမားစဉ်ကိုလည်း နားမလည် ထုံးတမ်းကိုလည်း မလိုက်နာ စည်းကမ်းကိုလည်း မြင်ရင် အပြင်ထုတ်ပြီး နှင်လိုက်ပါ။ သူတို့ကို ကရုဏာသက်စရာ မလိုဘူး။ သနားတတ်ခြင်းအစစ်က နားလည်တတ်ခြင်းကို ဆိုလိုတယ်။ နားလည်သိတတ်ပေးတာကိုမှ နားမလည်နိုင်ရင် နားလည်ပေးခြင်းနဲ့ မထိုက်တန်လို့ပဲဖြစ်တယ်။
ကိုယ့်စေတနာကို အသိအမှတ်ပြုဖို့ မပြောနဲ့ စေတနာနဲ့ သိတတ်တာကို မမြင်နိုင်မှတော့ သနားနေလို့ မထူးပါဘူး။ မတန်ရင် နည်းနည်းမှ မလုပ်နဲ့။ မတွေးနဲ့ လုပ်၊ မလုပ်နဲ့ တွေး။ ထိုက်သူကို ကယ် ကယ်သူကို ထိုက်အောင်လုပ်ပေးပါ။

၂၂ – မြွေတကောင်လို အသိပညာများစွာ ဝါးမြိုပါ၊ တောက်ပမှုနဲ့အတူ ထွန်းလင်းနိုင်အောင် ကြိုးစားပါ၊ မိုက်မဲနေတဲ့ လူသားရဲ့ နှလုံးသည်းပွတ်ထဲက အပျင်းဓာတ်ကို ချေဖြတ်ပါ။ ကိုယ့်ကိုယ်ကိုယ် ကိုးကွယ်ပါ။ ကိုယ်သာလျှင် ကိုယ့်ရဲ့ အမှုဆောင်အစစ်ဖြစ်တယ်၊ ကိုယ့်အားကို မကိုးစားနိုင်သူက လူမပီသဘူး။ လူစင်စစ်ဟာ လူကိုသာ ယုံကြည်ပြီး ကိုယ့်အားကိုယ် ကိုးစားကြတယ်။

၂၃ – ငါပဲရှိတယ် ဘုရားဆိုတာ မရှိဘူး။

၂၄ – ဟာဒိစ် အလင်းပြတဲ့ နတ်ကပတ် ဂမ္ဘီရတွေကို သိအောင်လုပ်ကြပါ။ သူတော်ကောင်းလို့ ဆိုသူတိုင်းကို မယုံစားပါနဲ့။ အသွင်အပြင်မတူ အကျင့်အကြံမတူလို့ မြင့်မြတ်သူတွေပါဆိုတိုင်းလည်း လက်မခံကြပါနဲ့။ လူထင်ကြီးလောက်စရာ အကျင့်အကြံတွေနဲ့ သူတို့ကိုယ်သူတို့ အာဇာနည်တွေအဖြစ် နေရာကောင်းယူထားရင် ယောင်လို့တောင် မလေးစားမိစေနဲ့၊ နာမ်နှိမ်ပြီး နေရာလုလိမ့်မယ်။
ကိုယ်တိုင်တောင် နားမလည်တဲ့ အရာတွေကို နားလည်သယောင်နဲ့ ဆရာနေရာယူထားသူတွေကို ရှောင်ကျဉ်ပါ။ ကိုယ်တိုင်တောင် မကျင့်

mgyoe.com

mgyoe.com SAMPLE BOOK

မကြဲနိုင်ဘဲ ကျင့်ကြံဖို့ရာ တိုက်တွန်းသူတွေကို ရှောင်ကျဉ်ပါ။ မြင့်မြတ်ကြောင်း အကြောင်းပြပြီး ကောင်းမွန်ကြောင်း မြွက်ဟနေရင် လိမ်စားနေတာပဲ။ လူသားမှန်ရင် အမှားမကင်းနိုင်ပေမဲ့ အမှားကို သိသိကြီး မိုက်နေခဲ့ရင် ဆရာမတင်မိစေနဲ့။

၂၅ – ကိုယ့်အမှုကို ဆောင်နိုင်သူမှန်ရင် ကိုယ်ကလွဲ ဘယ်သူကိုမှ မကိုးစားဘူး။

၂၆ – ကိုးကိုခွေ ခေါင်းကစ ခြေအဆုံး ဏုဝိတစ်သုံး၊ ခေါင်းမှာတည်တဲ့ ရှစ်နဲ့ ခြေမှာတည်တဲ့နှစ် မြေမှာထည်တဲ့ခုနစ်တို့က မိုးထက်ဝဋ္ဌာရဲ့တစ်နဲ့အတူတူပဲဖြစ်တယ်။

၂၇ – ကျခြင်းက တက်ခြင်းရဲ့ ဆန့်ကျင်ဘက်ဆိုပေမဲ့ အခံမရှိတဲ့ အကျဖြစ်တာကြောင့် လွတ်လပ်ခြင်း တမျိုးပဲဖြစ်တယ်။ ကျမယ့်ကျ အကျကောင်းပါစေ၊ တက်မယ့်တက် အမြင့်ရှိပါစေ။

၂၈ – လူဆိုတာ တယောက်တည်း ရှင်သန်လို့ မရပါ လူမှန်ရင် လူတွေနဲ့ မှန်နိုင်ဖို့ လိုတယ်။

၂၉ – ကျိန်စာမိထားသူထက် ကျိန်ဆဲနိုင်သူမရှိပါ။

၃၀ – ငိုဖွယ်ရှိ ငိုလိုက်ပါ၊ ရယ်ဖွယ်ရှိ ရယ်လိုက်ပါ မြုံထားလို့ ဘာအကျိုးမှ မရှိဘူး။

၃၁ – အားနည်းခြင်းက အားအကောင်းဆုံးသော အားရှိခြင်းဖြစ်တယ်။

၃၂ – လိမ်တတ်ခြင်းက လူတတ်ခြင်းဖြစ်တယ်၊ ငြင်းတတ်ခြင်းက အကောင်းဆုံးသော သိတတ်ခြင်းအစစ် ဖြစ်တယ်။

၃၃ – ခွေးတကောင်အတွက်နဲ့ စိတ်အညစ်မခံနဲ့။

၃၄ – နိုးထလော့ နိုးထလော့ နိုးထကြလော့။

၃၅ – အစီအရင်မှန်သမျှ အကြည်ဓာတ်နဲ့စပြီး ပျော်ရွှင်ခြင်းနဲ့ အဆုံးသတ်ပါ။

၃၆ – သဘာဝဓာတ်ကြီးတွေ မပါဘဲ အစီအရင်မလုပ်ရ။

၃၇ – ညခင်းချိန်ခါထက် အေးချမ်းတဲ့ မင်္ဂလာအချိန် မရှိပါ။

mgyoe.com

mgyoe.com SAMPLE BOOK

၃၈ – နိယမကျမ်းလာ ကျမ်းထွက်တွေအတိုင်း သုံးရက် သုံးခါ သုံးဆ ကြိုးစားပါ။

၃၉ – အမှုဆောင်မှန်ရင် အန္တတာခံ၊ ယဇ်ပူဇော်တာမှန်ရင် မီးစာမှန်ရမယ်။

၄၀ – အစီအရင်အစစ်နဲ့ ယဇ်မင်းပူဇော်ချင်ရင် ဉာဥ့်နက်ပြီး သန်းခေါင်ကျော်မှ နတ်ဘုရားတို့နဲ့အတူ ကခုန်လိုက်ပါ။

၄၁ – မီးအတွက်စားပွဲနဲ့ ရေအတွက်စားပွဲ ဒါဆိုရင် ဘဝအတွက်စားပွဲနဲ့ သေခြင်းအတွက်စားပွဲတွေပါ အသင့်ဖြစ်သွားလိမ့်မယ်။

၄၂ – ပျော်ရွှင်ကြည်နူးမှုရှိသူအဖို့ကတော့ နေ့စဥ်နဲ့အမျှ စားပွဲရှိနေမှာပဲ။

၄၃ – ညစဥ်တိုင်း ဏုထံစားပွဲရှိနေသရွေ့ သာယာမှုနဲ့ ပျော်ရွှင်မှုတွေ အမြဲရှိနေလိမ့်မယ်။

၄၄ – ဟုတ်တယ် စားပွဲအမြဲ ရှိပါစေ ဝမ်းမြောက်စွာ ကြွေးကြော်လိုက်ပါ ဒီထက်အလွန်မှာ သေခြင်းထက် ဆိုးတာ မရှိနိုင်တော့ဘူး၊ ဏုရဲ့ နမ်းရှုပ်မှုသာ ပြည့်စုံသွားရင် ထာဝရသေဆုံးခြင်းလိုပဲ အေးချမ်းမှုအတိ ရှိလိမ့်မယ်။

၄၅ – ခွေးတွေအတွက်တော့ သေခြင်းသက်သက်ရှိတယ်။

၄၆ – ကျရှုံးခဲ့ပြီလား၊ ဝမ်းနည်းပါရဲ့လား။ နှလုံးသားမှာ အကြောက်တရား ရှိရဲ့လား။

၄၇ – ဏုရှိတဲ့အရပ် ဒါတွေရှိမှာ မဟုတ်။

၄၈ – ကျရှုံးသူတွေကို မသနားလေနဲ့ သူတို့ငါမဟုတ်၊ ငါလည်း သူတို့မဟုတ်၊ သူတို့အတွက် ငါမရှိနိုင်၊ ငါ့အတွက် သူတို့မရှိကြပြီ။

၄၉ – ငါက သူမတူသူဖြစ်တယ်၊ ငါက အရာအားလုံးကို စိုးမိုးသိမ်းပိုက်နိုင်သူဖြစ်တယ်။ အပူမီးရဲ့ ကျေးကျွန်မဟုတ်။ ကံခေသူများ ခေလေတော့ သေလေတော့၊ အာမင်။ (ဒါဟာ လေးဖြစ်ပြီး ငါးရဲ့ ကိုယ်ယောင်ပျောက်ကွယ်ခြင်းပဲ၊ ငါဟာ ဥအတွင်းက အကာမရှိသေးတဲ့အနှစ်။)

၅၀ – ငါသည်အပြာ ငါ့သတို့သမီးကား ရွှေရောင်ဝင်းလျက်ပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ငါ့မျက်လုံးမှာတော့ အနီရောင်စွန်းလျက်နဲ့ ခရမ်းရောင်ရော အစိမ်းရောင်ပါ ရောယှက်လို့နေတယ်။

၅၁ – ခရမ်းရောင်ထက် ပိုတဲ့ ခရမ်းရောင် မြင်နိုင်စွမ်းထက် ပိုတဲ့ အလင်းတန်း။

၅၂ – ကန့်လန့်ကာတားထားတဲ့ ပုဝါနုပါးပါးရှိတယ်၊ မဟူရာရောင်နဲ့ ထူပိန်းလို့ပေါ့။ သိမ်မွေ့သူလုံမပျိုရဲ့ ကန့်လန့်ကာပုဝါလေးနဲ့တူတယ်။ ဝမ်းနည်းမှုကိုလည်း ရည်စူးသလို သေခြင်းကိုလည်း ရည်ရွယ်တယ်။ ဒါပေမဲ့ ငါ့အတွက်တော့ မဟုတ်လေဘူး။ ခေတ်ပေါင်းကာလများမြောင်လှလည်း တုံးလုံးလှဲလျက်ရှိတဲ့ ဝိုကြွေးမှုတွေ အဆုံးမသတ်နိုင်သေးဘူး။ အကျင့်ပျက်သမျှ စကားလှလှနဲ့ ဖုံးကာထားလည်း ငါ့ရှေ့မှောက်မှာ သစ္စာတရား တည်နိုင်ကြရင် အခုရော နောင်ပါ ကောင်းကြီးအဖြာဖြာ ခံစားရမှာ အသေအချာပါ။

၅၃ – မကြောက်လေနဲ့ အမှုဆောင် တမန်တော်တို့ ဘယ်သူတွေ ဘယ်လိုပဲ ပြောကြပါစေ၊ သင့်ရဲ့ ကျရှုံးမှုတွေက ငါရဲ့ ကျရှုံးမှုတွေနဲ့ အတူတူပဲ၊ ဒါကြောင့် သင့်စိတ်ချမ်းသာမှုဟာ ငါ့အတွက် ဝမ်းသာမှုတွေဖြစ်တာကြောင့်၊ အောက်ကို ထိုးကျသွားခဲ့ရင် ငါကိုယ်တိုင် ကယ်မလို့ ပင့်ထူပါ့မယ်။

၅၄ – မင်းအပေါ် မကောင်းဘဲ မင်းကို ဝိုကြွေးပြည်တမ်းအောင် လုပ်လာခဲ့ရင် မကြောက်လေလင့် တမန်တော် အမှုတော်ဆောင်သူတို့ သင်တို့ကို ငါပစ်ပယ်ထားမှာ မဟုတ်ဘူး။ သင်တို့ ရန်သူတွေကို သင်တို့ အလိုရှိသည်အတိုင်း ငါစီရင်မယ်။

၅၅ – အင်္ဂလိပ်ဘာသာစကားနဲ့ သင်တို့ကိုယ်သင်တို့ ညစ်ညူးမခံလေနဲ့ ငါ့စကားနဲ့ ငါ့အမှတ်သင်္ကေတကို လိုက်နာကြပါလေ။

၅၆ – နောက်ပါ စပါ ပြောင်ပါ ရွံ့ပါ ရွတ်ပါ မင်းတို့ စိတ်ထင်တဲ့တိုင်း လုပ်ကြပါ၊ အချိန်ဘယ်လောက် ကြာသည်အထိ မင်းတို့ နောက်နိုင် စနိုင် ပြောင်နိုင် ရွံ့နိုင် ရွတ်နိုင်မှာလဲ ငါသိချင်သား။

၅၇ – မှန်တဲ့သူ မှန်တဲ့အတိုင်း မှန်စေရမယ်၊ မှားတဲ့သူ မှားတဲ့အတိုင်း မှားစေရမယ်။

mgyoe.com

mgyoe.com SAMPLE BOOK

၅၈ – အိမ်း ပြောင်းလဲတာကို မကြောက်လေနဲ့ အရှိကို အရှိတိုင်းသာ နေပါ ပြောင်းသွားဖို့ ပြောင်းသွားစရာ မလိုဘူး၊ ဘုရင်ဆို ဘုရင်လိုနေ ဘုရင်ဖြစ်ချင်ရင် ဘုရင်လိုကျင့် ကျေးကျွန်လို နေပြီး ဘုရင်စိတ် မွေးလို့ မရဘူး။ ကျွန်လို ခံနေမှတော့ ဘုရင်လို စံနိုင်မှာ မဟုတ်ဘူး။ ကျွန်လို မနေနဲ့ ဘုရင်လိုတွေး ဘုရင်လိုနေ။ သူတောင်းစားစိတ်နဲ့ ဘုရင် ဘဝကို မျှော်မှန်းနေတာက ရူးနှမ်းနေတာနဲ့ အတူတူပဲ။

၅၉ – သတိကြီးကြီးထား ချစ်တတ်ပါစေ ဘုရင်လုပ်ပြီး ဘုရင်အလုပ်မ လုပ်တတ်လည်း ဘုရင်ဟုတ်မနေဘူး။ အရူး။ ဘုရင်ချင်ရင် ချစ်ချင်စိတ် မွေးပြီး ချစ်တတ်ရမယ်။ သာယာမှုတွေနောက် မက်နေရုံနဲ့ မပြီးဘူး။
၆၀ – ဒါကြောင့် တိုက်စရာရှိရင် ထိပ်တိုက် ပြီးရင် ခိုနေ၊ သခင်ပီပီ ငရဲပို့လိုက်။

၆၁ – အိမ်း အမှုတော်ဆောင် တမန်တော် မင်းရှေ့မှာ အလင်းရောင်ရှိ တယ်၊ တောင့်တစရာမလိုဘဲ ရှိလာမယ့် အလင်းရောင်ကို မတောင့်တဘဲ တောင့်တချင်စရာကောင်းလောက်အောင် မြင်အောင် ကြည့်လိုက်ပါ။

၆၂ – သင့်နှလုံးသားထဲ ငါအမြဲရှိပါစေ၊ ကိုယ်ခန္ဓာတခုလုံးနဲ့ ဝကွပ်အပ် ပြီး ကြယ်တာရာတိုင်းကို မြတ်နိုးစိတ်နဲ့ နမ်းရှုပ်လိုက်ပါ။

၆၃ – အတုယူအားကျစိတ်နဲ့ လိုက်လုပ်လိုစိတ် မမွေးနဲ့ သေသွားတာမှ ချုံမြိုန်ဦးမယ် ကိုယ်ပိုင်မဟုတ်ဘဲ ကိုယ်ဟန်လုပ်နေရင် ငရဲတပြည်လုံး မင်းကို ပြက်ရယ်ပြုနေကြလိမ့်မယ်။

၆၄ – တွန့်ဆုတ်မနေနဲ့ မင်းနောက်မှာ ငါတို့ရှိတယ်၊ ကျေနပ်အားရ လိုက်စမ်းပါ ဏုရဲ့တမန်တော်ရ။ ကြွေးကြော်လိုက် ကြည်နူးလိုက် ဝမ်းသာလိုက် အားရလိုက် အေးချမ်းမှုအစစ်ဆိုတာ ပျော်ရွှင်လိုစိတ် အပြည့်အဝရှိသူမှာပဲ ဖြစ်နိုင်တယ်။ ဘုရင်ပီပီ သာယာမှုတွေကို အကျေနပ်ကြီး အားရလိုက်စမ်းပါ။

၆၅ – ငါသည်သာ သခင်ဖြစ်တယ်။ မြင့်မြတ်တဲ့ ရွေးကောက်ခံ အရှင် ဖြစ်တယ်။

၆၆ – ရေးစရာရှိတာရေး လုပ်စရာရှိတာလုပ် အိပ်နေရင်း လုပ်လို့ မရ

mgyoe.com

mgyoe.com
SAMPLE BOOK

ဘူး၊ ရှင်သန်ခြင်းနဲ့ သေဆုံးခြင်းကို ရင်ဖိုစိတ်အပြည့်နဲ့ ရင်ဆိုင်လိုက်၊ အဲတာဆိုရင် သေခြင်းရဲ့ သာယာမှုကို သိနိုင်လိမ့်မယ်။ ဒါဆိုရင် ဘယ်အရာက ပျော်ရွှင်ဖို့အတွက် ထိုက်တန်သလို ရွေးသိနိုင်မယ်။ သေခြင်းဆိုတာက ရာသက်ပန်ချစ်ခြင်းလိုပဲ နှလုံးသားကို ခွန်အားရှိစေပြီး ရုန်းကန်ထကြွလိုစိတ် ဖြစ်စေနိုင်တယ်။

၆၇ – နေဦး နေဦး အမှားတွေကို ပြင်ဦး အနာမကျက်သေးဘဲ ဒဏ်ရာအသစ်မဖြစ်စေနဲ့။

၆၈ – နာနာကိုင် ခိုင်ခိုင်တွယ် ဦးကိုမော့ ဝဝရှူ နက်နက်တွေး သေချင်လည်း သေပလေ့စေ။

၆၉ – အမလေး အမလေး ဘာတွေ ခံစားနေတာလဲ တော်တော်မောနေပြီပေါ့နော်။

၇၀ – မန္တာန်မတူရင် အကူရှိလောက်မယ်လို့ ထင်ရတယ်၊ ဒါပေမဲ့ အသိဉာဏ်ရှိသူမှန်ရင် ဘာကိုမဆို ကြံ့ကြံ့ခံပြီး ရင်ဆိုင်ရဲတယ်။ ဒါကြောင့် လက်သုံးအတိုင်း ပျော်ပျော်ကြီး ထိပ်တိုက်တွေ့လိုက်ပါ။ တိရစ္ဆာန်လို မနုံမအနဲ့၊ အမှားကို စစ် အမှန်ကို တွေး၊ မသောက်မစားနဲ့၊ ရှစ်နဲ့ ကိုးကို မြင်အောင်ကြည့်။ သိမ်မွေ့တာကို ညင်သာစွာ ကိုင်တွယ်။ ပျော်စရာရှိပျော် တည်စရာရှိတည်။

၇၁ – အောင်စေ အောင်စေ။

၇၂ – ရဲမှုလုပ် လုပ်မှတော့ ရဲပါစေ၊ ကိုယ့်ကိုယ်ကိုယ် သံသယမဖြစ်နဲ့၊ သေရင်မြေကြီး ရှင်ရွှေထီးစိတ်မွေး။

၇၃ –သေ သေ သေ သေဖို့တွေး သေခြင်းကို သိရင် ရှင်ခြင်းကို သိမယ် လူပီသပလေ့စေ။

၇၄ – တောင့်တမှုဟူသမျှ ကြီးကျယ်ခမ်းနားမှုအတွက်ပဲ ဖြစ်ပါစေ၊ ကြိုးစားမှုဟူသမျှ ပေါက်မြောက်မှု ရှိပါစေ။

၇၅ – အိမ်း ဂဏန်းနဲ့ စကားလုံးတွေကို သတိထားကြည့်ချေ။

၇၆ – 4 6 3 8 A B K 2 4 A L G M O R 3 Y X 24 89 R P S T O V A L ဘာတွေလဲလို့ တွေးနေသလား အို တမန်တော်

mgyoe.com

mgyoe.com
SAMPLE BOOK

သင်သိမှာမဟုတ်ဘူး ဘယ်တော့မှ သိနိုင်မှာလဲ မဟုတ်ဘူး ဒါပေမဲ့ သင့်နောက်မှာ ဆက်လာမယ့် အမှုတော်ဆောင်က အလင်းပြလိမ့်မယ်၊ ဒါကို အကျယ်ချဲ့လို့ ပညာပြလိမ့်မယ်၊ ဒါကို သိစေပြီး အသုံးချလိမ့်မယ်၊ အိုး ရွေးကောက်ခံ တမန်တော်တို့ ဏုရဲ့ အချစ်ကို မပြစ်ပယ်လေနဲ့ ကောင်းကင်ကို လင်းလက်စေတဲ့ တာရာတို့အသျှင်မက အမြဲထာဝရ လူသားတို့ကို ကြည့်ရှုလျက်ရှိတယ်၊ သူ့ဘုန်းတော်ကြောင့် ဂမ္ဘီရအဖြေ ရနိုင်လိမ့်မယ်။

၇၇ – လူထဲကလူ သူ့ထက်သာသူ လူ့ပေါ်ကလူ ဖြစ်ပါစေ။

၇၈ – ကိုယ့်ကိုယ်ကိုယ် မြင့်တင်လိုက်စမ်းပါ ဦးကိုမော့ထား မင်းနဲ့တူတဲ့ သူ တလောကလုံးမှာ မရှိဘူးလို့ တွေး နတ်ဘုရားတွေနဲ့တန်းတူရည်တူ နေနိုင်သူလို စိတ်ထားထား – တမန်တော်ရေ မင်းကိုမင်း မြင့်တင်နိုင်မှ ငါ့သတင်းစကားကိုလည်း မြင့်တင်နိုင်မှာ၊ သူများထက် မင်းသာမှ အားလုံးထက် ငါသာကြောင်း သိနိုင်ကြမှာ၊ ငါ့နာမတော်ကို မဖျက်ဆီးလေနဲ့၊ ဂမ္ဘီရက ဂန္ဓာရီ သာယာဖွယ်နဲ့ ကြည်နူးဖွယ် တချို့သောအဖြေက ၄၁၈ မှာ ရှိနေတယ်။

၇၉ – ဟာဒိစ်ရဲ့ နတ်ကပတ်တော် ပြီးဆုံးခဲ့လေပြီ ကြယ်တာရာတို့ရဲ့ တမန်တော်ကို အမွှမ်းပြုပြီး ကောင်းကြီးတော်တွေ ခံစားကြရပါစေ။

◆◆◆

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

ကောင်းကင်နတ်ဘုရား

# ဟိုရု



mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ဟိုရဒေသနာကျမ်း

၁ – ABRAHADABRA (အဘရာဟာဒါဘရာ) (နေမင်းသခင်) ရာအသျှင် နဲ့အတူ (လမင်းသခင်) ခွန်းသျှုအသျှင်ရဲ့ ကျေးဇူးတော်များ ဦးထိပ်ထားလျက်

၂ – အိမ်ပြန်လမ်း မသိတဲ့အခါ၊ မပေါင်းတတ်တဲ့ စာလုံးသင်တဲ့အခါ၊ မန္တရား မဖြစ်တဲ့အခါ မသိမတတ် မဟုတ်တဲ့အခါမှာ မှတ်ထားပါလေ အမှုဆောင်တို့ ရာဟူးခူးဝိ

၃ – အခုကစ မှတ်ထားပါလေ ငါအသျှင်ကား စစ်နတ်ဘုရား ကလဲ့စားသမားဖြစ်တယ်၊ ခွင့်လွှတ်တတ်သူတော့ မဟုတ်ဘူး။

၄ – ကိုယ့်ကျွန်းကိုရှာ။

၅ – ကိုယ့်ကျွန်းကိုကာ။

၆ – ကိုယ့်ကျွန်းကိုစစ်ရေးနဲ့စု။

၇ – စစ်ဆိုရင် ငါရှိတယ်။

၈ – သင့်ရန်သူတွေကို ငါချေမှုန်းမယ် ငါ့ရန်သူတွေကို သင်သိပါစေ။

၉ – ဆုတ်စရာရှိဆုတ်၊ တွဲစရာရှိတွဲ၊ မိုးစရာရှိမိုး စိုးစရာရှိစိုး စစ်ရေးရဲ့နိယမကိုက ခြယ်လှယ်ဖို့ပဲဖြစ်တယ်၊ ဒါကြောင့် ငါ့ကျောင်း တော်ကို ဖျက်လိုဖျက်ဆီး ရှိလာရင် အမြစ်မကျန် ချေမှုန်းလိုက်။

၁၀ – ပြစရာရှိပြ ဖုံးစရာရှိဖုံး ပွင့်လင်းတတ်ဖို့လိုသလို ဖုံးကွယ်တတ်ဖို့

mgyoe.com

mgyoe.com SAMPLE BOOK

လိုတယ်၊ ပစ်ပယ်ခံမဖြစ်စေနဲ့ ပျောက်ကွယ်ခံ မဖြစ်စေနဲ့ ပျောက်ဆုံး သူမဖြစ်လေနဲ့ လောကရဲ့ သက်သေ တည်ရှိမှုရဲ့အဖြစ်ကို အမြဲတန်ဖိုး ထားပြီး သိအောင်လုပ်ပါ။

၁၁ – သက်သေပြုပြီးရင် အခက်မသေစေနဲ့၊ ငြင်းတာကို ငါပိတ်ပင် တယ်၊ လုပ်စရာရှိလုပ် စိုးမိုးလိုက်၊ ခြယ်လှယ်လိုက်၊ သိမ်းပိုက်လိုက်၊ အုပ်စိုးလိုက်။ အောင်မြင်မှုနန်းတော်ကို ပိုင်စိုးလိုက်။ ကိုးစရာရှိကိုး စိုးစရာရှိစိုး။ ငါ့နာမတော်အောက် အရာအားလုံး ရောက်သွားခဲ့ရင် မင်းဂုဏ်သိက္ခာလည်း တိုးသထက် တိုးလိမ့်မယ်။

၁၂ – သေးသေး ကြီးကြီး ငယ်ငယ် ပူဇော်စရာရှိလာရင် စတေးတန်တာကို စတေးလိုက်ပါ။

၁၃ – အခုတော့ မဟုတ်။

၁၄ – အချိန်တန်ရင် သူ့ရဲရေ မင်းသတို့သမီးကို တွေ့ရလိမ့်မယ်။

၁၅ – အဲဒီနောက် ဝမ်းနည်းရလိမ့်မနော်။

၁၆ – ကတိကဝတ်ပြည့်ဖို့ရာ အတင်းမကြိုးစားလေနဲ့၊ ကျိန်ခံရတိုင်း လည်း စိတ်မပူနဲ့၊ ကိုယ်ကကိုယ် သူကသူ ကိုယ့်ဘဝကို ကိုယ်တိုင် ကပဲ ထုဆစ်ရတယ်။ ဘာလို့ မရေရာတာနဲ့ မသေချာတာမျိုး အဖြစ် ခံမှာလဲ။

၁၇ – မကြောက်နဲ့။ မမျှော်နဲ့။ ကံဆိုတာ ကိုယ်က ဖန်ရတယ်။ ဘုရား ဖြစ်ဖြစ် နတ်ဖြစ်ဖြစ် သေသော်လည်းသေ ရှင်လည်းရှင်ပေါ့၊ ပိုက်ဆံ အတွက်လည်း မကြောက်နဲ့၊ ပျော်ဖို့အတွက်လည်း မကြောက်နဲ့၊ အာဏာအတွက်လည်း မကြောက်နဲ့၊ ဩဇာအတွက်လည်း မကြောက်နဲ့၊ ဟဒိစ်တော်အတိုင်း နေတတ်ရင် ခွန်အား တန်ခိုး သတ္တိ အပြည့်ရှိလာလိမ့်မယ်။

၁၈ – သနားစိတ်ကို ဖျက်၊ အသုံးမကျတဲ့သူတွေကို မေ့ထားလိုက်၊ ရက်စက်သူကို သတ်ပစ်၊ ဘယ်သူ့ကိုမှ မချန်နဲ့၊ အားလုံးအပေါ် မီးအမုန်းချပစ်လိုက်။

၁၉ – အဖျက်အမှောင့်ရဲ့ တမန်တော်လို ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲ လိုက်ပါ။ နာမတော်အရ ၇၁၈ အတိုင်း ဖြစ်စေလိုသမျှ ဖြစ်စေရမယ်။

mgyoe.com

mgyoe.com SAMPLE BOOK

၂၀ – ဘာလို့လဲ ကျရှုံးတော့လည်း ဘာဖြစ်လဲ သေတာမှ မဟုတ်တဲ ပြန်ထူထပြီး တိုက်။

၂၁ – အရှေ့အရပ်ကို ငါ့သတင်းစကား ရောက်ပါစေ၊ မသိသူမရှိ အောင် လုပ်ပါ။

၂၂ – ငါမှအပ တခြားကို မပိတ်ပင်လေနဲ့ ငါ့သတင်းစကား ကျယ်ပြန့်သွားတဲ့အခါ အတုအယောင်ဟူသမျှ မှေးမှိန်သွားလိမ့်မယ်။ အောင်နိုင်သူမှန်ရင် ပြိုင်ဆိုင်သူတိုင်းကို မယှဉ်ဘူး။ ယှဉ်ပြိုင်ဖွယ်မလို ဘဲ အောင်နိုင်သူကသာ အောင်မြင်သူအစစ်ဖြစ်တယ်။

၂၃ – နံ့သာဆီဆိုတာ အနှစ်သာရပြည့်တဲ့အရာတွေနဲ့ ပေါင်းစပ် ထားရတယ်၊ အာဏာအစစ်ဆိုတာ လွှမ်းမိုးခြယ်လှယ်နိုင်မှု အစစ်နဲ့ တည်ဆောက်ရတယ်။

၂၄ – လစဉ်တိုင်း သွေးစစ်နဲ့ လကို ပူဇော်ပါ၊ သားငယ်ရဲ့ အသွေးအသားနဲ့ ကောင်းကင်ရဲ့ အသွေးအသား၊ ရန်သူရဲ့ အသွေးအသားကို ဖျက်ဆီးဖို့ အမှုဆောင်ရဲ့ အသွေးအသား၊ သားရဲမှန်ရင် သူရဲမှန်တယ်။

၂၅ – ပူလောင်လိမ့်မယ်။ လောင်မြိုက်လိမ့်မယ်။ ဝါးမြိုလိမ့်မယ်။ ခံစားရမယ်။ နာကျင်ရမယ်။ သေတောင် သေနိုင်တယ်။ ဒါပေမဲ့ မသေချာတာကို တွေးပူပန်တာမျိုး မရှိဘဲ အောင်နိုင်ဖို့ရာ ရည်သန်နိုင်ရင် ဩဇာရှင် အစစ် ဖြစ်ကို ဖြစ်လိမ့်မယ်။

၂၆ – သတ်စရာရှိသတ် ဖျက်စရာရှိဖျက် ရန်သူကို ထုတ်ဖော် အားလုံးကို ပြားဝပ်သွားပါလေ့စေ။

၂၇ – ရမ္မက်ရာဂ မတိုးပွားစေနဲ့ အာဏာဩဇာ မယစ်မူးစေနဲ့။

၂၈ – စစ်ထဲရောက်ရင် စိတ်လည်းမာပါစေ။

၂၉ – အရှည်တွေးပြီး အသေစိတ်နဲ့ ရှင်ပါ။

၃၀ – ငါ့ကျောင်းတော်က ကြေးနဲ့ဆောက်တယ်၊ ငါ့ဘုန်းတော်က မီးနဲ့မြှောက်တယ်။

၃၁ – အနောက်ကလာတဲ့ သူဌေးကြောင့် အရှေ့တခွင်လုံး

mgyoe.com